# ပထမအကြိမ်ပြည်သူ့လွှတ်တော်
# ဒုတိယပုံမှန်အစည်းအဝေး
# ၄၀ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)
# (၂၄-၁၀-၂၀၁၁)

**အချိန်**၊ ၁၀း ၂၀။

**အခမ်းအနားမှူး**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၄၀ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၀ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၇၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၃.၉၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်အတိုင်း ဆက်လက် ဆောင်ရွက်ပါမယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဗိုလ်မှူးအောင်ဇော်မိုး(တပ်မတော်သားကိုယ်စားလှယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ရေ ၃၅၄၆ ဗိုလ်မှူးအောင်ဇော်မိုး ဖြစ်ပါတယ်။ ပြန်တမ်းဝင်အမှတ် ရေ ၃၆၄၇ ဗိုလ်မှူးစိုးလင်းအေးကိုယ်စား ခွင့်တိုင်ကြားမှာဖြစ်ပါတယ်။ ဗိုလ်မှူးစိုးလင်းအေးဟာ ၎င်းရဲ့သားဖြစ်သူမှာ အူအတက်ရောင်ရောဂါဖြင့်ဆေးရုံတက်ရောက်ပြီး ခွဲစိတ်ကုသမှုခံထားရသောကြောင့် အနီးကပ်ပြုစုနိုင်ရန်အတွက် ၂၄-၁၀-၂၀၁၁ ရက်နေ့ကို ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဦး(တပ်မတော်သားကိုယ်စားလှယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင် အမှတ် ကြည်း ၂၆၉၉၆ ဗိုလ်မှူး သက်ဝင်းအောင်သည် တုပ်ကွေးရောဂါဖြင့် နေမကောင်းဖြစ်နေပါ၍ ယနေ့ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ကျွန်တော် ပြန်တမ်းဝင်အမှတ် ကြည်း ၂၃၂၇၅ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဦးမှ ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါက်တာတင်မောင်ကြိုင်(ကြံခင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်းသည် မိမိကိုယ်တိုင် ဆောင်ရွက်ရမည့်ကိစ္စရှိပါသဖြင့် ၂၄-၁၀-၂၀၁၁ ရက်နေ့မှ ၂၅-၁၀-၂၀၁၁ ရက်နေ့အား အစည်း အဝေးတက်ရောက်ခြင်းမှ ပျက်ကွက်ခြင်းအတွက် ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ကျွန်တော် ဧရာဝတီ တိုင်းဒေသကြီး၊ ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာတင်မောင်ကြိုင်မှ လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေသည် မိသားစုကိစ္စဆောင်ရွက်ရန် ရှိပါသဖြင့် ၂၄-၁၀-၂၀၁၁ မှ ၂၅-၁၀-၂၀၁၁ နေ့အထိ လွှတ်တော်အစည်းအဝေးမတက်ရောက် နိုင်ခြင်းကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် တမူးမဲဆန္ဒနယ်မှ ကျွန်တော် ဦးခင်မောင်ရွှေက လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးမြင့်သူ(မြို့သစ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သူ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင်းမော်ထွန်းသည် ကိုယ်တိုင်ဆောင်ရွက်ရမယ့်ကိစ္စရှိပါသဖြင့် ယနေ့ ၂၄-၁၀-၂၀၁၁ နှင့် ၂၅-၁၀-၂၀၁၁ နေ့ နှစ်ရက်ကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဒေါ်ဝင်းမော်ထွန်းရဲ့ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးစိုင်းအောင်လှ(နမ္မတူမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ္မတူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအောင်လှ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင်သည် ခါးမျက်နေပါသဖြင့် ယနေ့ ၂၄-၁၀-၂၀၁၁ ရက်နေ့အား ခွင့်တစ်ရက်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် ဦးစိုင်းဘိုးအောင်ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးကျော်ညွန့်(ကျွန်းလှမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း သည် ကျန်းမာရေးမကောင်းပါသဖြင့် ယနေ့ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးတင်ဝင်း၏ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးကျော်ညွန့်က လေးစားစွာခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်းဟာ မိမိကိုယ်တိုင် ဆောင်ရွက်ရန်ရှိတဲ့လုပ်ငန်းများရှိတဲ့အတွက် ၂၄-၁၀-၂၀၁၁ နှင့် ၂၅-၁၀-၂၀၁၁ နှစ်ရက်ကို ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ဒေါက်တာသန်းဝင်းကိုယ်စား လမ်းမတော်မဲဆန္ဒနယ်က ကျွန်တော် ဦးခင်မောင်ဝင်း က ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ကြီးတံခွန်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကိုသည် စင်ကာပူ နိုင်ငံ၌ ဆေးဝါးကုသမှုခံယူပြီးနောက် ဆရာဝန်၏အကြံပြုချက်အရ ဆက်လက်အနားယူရမည်ဖြစ်ပါ သဖြင့် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ ပြည်သူ့လွှတ်တော် အစည်းအဝေးမတက်ရောက်နိုင်သည်ကို ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် ဦးမောင်ကို၏ကိုယ်စား

အမရပူရမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးသိန်းထွန်းဦးမှ လေးစားစွာ ခွင့်တောင်းခံတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးပြည့်မောင်(မတ္တရာမဲဆန္ဒနယ်)။** ။လေးစားအပ်သော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မတ္တရာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးပြည့်မောင်ဖြစ်ပါတယ်။ မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေးဟာ ကျန်းမာရေးမကောင်းပါသဖြင့် ယနေ့အစည်းအဝေးကို မတက်ရောက်နိုင်ပါသဖြင့် ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ကိုယ်စား တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးထန်းလိန်း(မင်းတပ်မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ တီးတိန်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပုမ်ခန့်အင်သည် ခေါင်းကိုက်နေမကောင်းဖြစ်နေပါ၍ ၂၄-၁၀-၂၀၁၁ ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် ၎င်း၏ကိုယ်စား မင်းတပ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးထန်းလိန်းက လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးသည် ကျန်းမာရေးစစ်ဆေးရေး ကုသမှုခံယူရန်အတွက် ၂၄-၁၀-၂၀၁၁ မှ ၂၈-၁၀-၂၀၁၁ ရက်နေ့အထိ ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်းမှ ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးမြင့်စိုး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးခင်မောင်ညွန့်(သပိတ်ကျင်းမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်သားမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မောင်သည် မျက်စိဝေဒနာစွဲကပ်နေပါသဖြင့် မျက်စိစစ်ဆေးမှုပြုရန်အတွက် ယနေ့ ၂၄-၁၀-၂၀၁၁ မှ ၂၅-၁၀-၂၀၁၁ အထိ နှစ်ရက်တိတိ ခွင့်ပြုပေးပါရန် ကျွန်တော် သပိတ်ကျင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးခင်မောင်ညွန့်မှ ဦးကြည်မောင်၏ကိုယ်စား လေးစားစွာ ခွင့်တောင်းခံအပ်ပါသည် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပင်လောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်း ဖြစ်ပါတယ်။ ဆီဆိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုဟာ မိမိကိုယ်တိုင်ဆောင်ရွက်ရန် လူမှုရေးကိစ္စတစ်ရပ်ရှိပါသဖြင့် ယနေ့ ၂၄-၁၀-၂၀၁၁ အား လွှတ်တော် အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းကို ခွင့်ပြုပေးပါရန် ဦးဝင်းကိုရဲ့ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးမန်းမောင်မောင်ဉာဏ်(ပန်းတနော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးဟာ ဆရာဝန်ညွှန်ကြားချက်အရ ဆေးစစ်ရန်လိုအပ်သည့်အတွက် ယနေ့ ၂၄-၁၀-၂၀၁၁ ရက်နေ့မှ ၂၅-၁၀-၂၀၁၁ ရက်နေ့အထိ ခွင့်နှစ်ရက်ပေးပါရန် ဒေါ်တင်နွယ်ဦးကိုယ်စား ကျွန်တော် ဦးမန်းမောင်မောင်ဉာဏ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်က လေးစားစွာတင်ပြပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဌေးဝင်း(လယ်ဝေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ လယ်ဝေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း ဖြစ်ပါတယ်။ ညောင်ဦးမဲဆန္ဒနယ်မြေမှ ဦးအောင်ကြိုင်ဟာ မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့ ပူးပေါင်း၍ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရှေးဟောင်းအဆောက်အအုံများထိန်းသိမ်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ စာတမ်းဖတ်ကြားရမည်ဖြစ်ပါ၍ ၂၄-၁၀-၂၀၁၁ ရက်နေ့မှ ၂၆-၁၀-၂၀၁၁ ရက်နေ့အထိ ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးများ တက်ရောက်ခြင်းမှ ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ဦးအောင်ကြိုင်၏ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၈ ဦး၊

ယနေ့ ခွင့်ပြုထားသူ ၁၆ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကိုလွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ဦးစွာအောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီးအား မေးခွန်းနှစ်ခုတစ်ဆက်တည်း မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးကိုကြီး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီး ဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဆီကြိတ်ဖတ်များဖြစ်တဲ့ ပဲဖတ်၊ နှမ်းဖတ်၊ ပဲပုပ်ဖတ်၊ ပန်းနှမ်းဖတ်၊ နေကြာဖတ်၊ ဝါဖတ်တို့ဟာ အထူးအထွက်ကောင်း၍ တစ်နှစ်ပတ်လုံး ထွက်ရှိပါတယ်။ ထို့အပြင် ပဲမျိုးစုံတို့မှ ပဲခွံ၊ ပဲနှစ်များနှင့် နွေစပါး၊ မိုးစပါးတို့မှ ဆန်ကွဲနဲ့ ဖွဲများလည်း တစ်နှစ်ပတ်လုံးရရှိပါတယ်။ ထို့ကြောင့်ပေါများစွာရတဲ့ တိရစ္ဆာန်အစာများကို ပြည်တွင်း၌သုံး၍မကုန်က ပြည်ပသို့ပို့ခွင့်ပြုခြင်းဖြင့် တောင်သူများအတွက် သင့်တင့်မျှတသောသီးနှံတို့ရဲ့ဈေးကိုရရှိ၍ အကျိုးရှိလိမ့်မည်လို့ ယူဆပါတယ်။ ထို့အပြင် ပြည်ပမှ တိရစ္ဆာန်အစာကုန်ကြမ်းဖြစ်တဲ့ ပဲပုပ်ဖတ်တို့၊ ဖွဲနုများကို တင်သွင်းခြင်းဖြင့် နိုင်ငံတော်အတွက် အရေးကြီးတဲ့ကဏ္ဍမှာ အသုံးပြုရန်ရှိတဲ့ Earning Money Dollar များကို မလိုအပ်ဘဲ သုံးစွဲသလို ဖြစ်နေပါ၍ နိုင်ငံအတွက်လည်းအကျိုးမရှိ၊ တောင်သူများအတွက်လည်း သီးနှံဈေးနှုန်းများ လျော့ကျသွားစေနိုင်တဲ့အတွက် ဆိုးကျိုးများကို ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ပမှ ပဲပုပ်ဖတ်နှင့် ဖွဲနုများတင်သွင်းခွင့်ကို တားမြစ်ပေးပါရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါတယ်ခင်ဗျား။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စားအုန်းဆီတင်သွင်းမှုနဲ့ပတ်သက်တဲ့ မေးခွန်းကို တစ်ဆက်တည်းမေးခွင့်ပြုပါခင်ဗျား။ မြန်မာနိုင်ငံမှာ ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲ၊ နှမ်း၊ ပဲပုပ်၊ ပန်းနှမ်း၊ နေကြာ၊ မုံညင်းစေ့၊ ဝါစေ့ စသဖြင့် ဆီထွက်သီးနှံကို မြေပြန့်ရော၊ တောင်ပေါ်ဒေသများမှာ

အထူးစိုက်ပျိုးထွက်ရှိပါတယ်။ တစ်နိုင်ငံလုံးမှာဆိုရင် ကျွန်တော်တို့ဆီစက်ပေါင်း အကြီး၊ အလတ်၊ အသေးအားလုံးကို ပေါင်းကြည့်မယ်ဆိုရင် သောင်းဂဏန်းနီးနီးရှိပါတယ်။ ဆီထွက်သီးနှံဟာ တောင်သူများအဖို့ ဈေးကွက်ကိုက်ညီ၍ အကျိုးရှိမယ်ဆိုလျှင် စိုက်ပျိုးထုတ်လုပ်မှု အထူးအားကောင်းတဲ့ နိုင်ငံဖြစ်ပါတယ်။ လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်၊ ၃၀ ခန့်ကဆိုလျှင် မြန်မာလူထုစားသုံးဖို့ တောင်သူများစိုက်ပျိုးထုတ်လုပ်ကြ၍ ဆီစက်များကလည်း နေ့၊ ည လည်ပတ်ပြီးတော့ မြန်မာလူထုစားသုံးနိုင်အောင် လုံလောက်စွာရရှိခဲ့ပါတယ်။ ရှေးကစကားပုံတစ်ခုကို မှတ်မှတ်ရရ ကျွန်တော်သတိရမိပါတယ်။ ဆီကို ရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံဖြစ်ပါတယ်။ ဆိုလိုတာကတော့ စားသုံးဆီကို လုံလောက်သည်နှင့်အပြင် ရေချိုးနိုင်လောက်အောင်ပင် ပေါများ၍၊ ဖူလုံ၍ အလျှံအပယ်ရှိနေသည်ကို ပြောလို၍ဖြစ်ပါတယ်။ ၁၉၉၀ နောက်ပိုင်း စားအုန်းဆီတင်သွင်းမှုကို တွေ့လာရပါတယ်။ တစ်လမှာ တန်ချိန် ၅၀၀၀ ခန့်မှာ စတင်တင်သွင်းခဲ့ပြီးတော့ တဖြည်းဖြည်း ပိုမိုတင်သွင်းလာခဲ့ရာ ထို့နောက် တန်ချိန် ၁၀၀၀၀၊ ထို့နောက် တန်ချိန် ၂၀၀၀၀၊ ယခု ၂၀၁၁ ခုနှစ်မှာဆိုရင် တန်ချိန် ၃၀၀၀၀ နဲ့အထက်ကို တင်သွင်းနေသည်ကို သိရပါတယ်။ မြန်မာနိုင်ငံစားသုံးဆီဥက္ကဋ္ဌ ဦးသိန်းဟန်၏ အပြောအရ စားအုန်းဆီတင်သွင်းမှုဟာ ပိုလျှံနေသည်လို့ပဲ သူကဆိုပါတယ်။ ထိုသို့ ပိုမိုတင်သွင်းလာသည်နှင့်အမျှ ဆီထွက်သီးနှံတောင်သူများသာ အရှုံးပေါ်လာပါတယ်။ အရှုံးပေါ်လာသည်နှင့်အမျှ စိုက်ဧက တဖြည်းဖြည်း လျော့ကျလာပါတယ်။ ဥပမာ- မြေပဲစိုက် တောင်သူများအဖို့ တချို့ဒေသများမှာဆိုလျှင် လွန်ခဲ့တဲ့အနှစ် ၂၀ ကျော် ၃၀ ခန့်က စိုက်ဧကထက် ၉၀ ရာခိုင်နှုန်းခန့်လျော့၍ စိုက်ပျိုးထုတ်လုပ်လာသည်ကိုတွေ့ရှိရပါတယ်။ နောက် နှမ်းစိုက်ပျိုးမှုကတော့ အထိုက်အလျောက်ရှိပါတယ်။ သို့သော်လည်းပဲ ပြည်ပကိုအားလုံးပို့ခွင့်ပေးထားတဲ့အတွက် ကျွန်တော်တို့ ပြည်တွင်းက ဆီစက်များ ပြည်ပပို့တဲ့ကုမ္ပဏီများကို ယှဉ်ပြိုင်ပြီးတော့ မဝယ်နိုင်တဲ့အတွက် စက်လည်ပတ်မှုကို ကျွန်တော်တို့ လျော့လာကြရပါတယ်။ စားအုန်းဆီရဲ့ ဈေးကွက်ဟာလည်း ဈေးချိုတဲ့အတွက် ကျွန်တော်တို့ပြည်တွင်းမှာ ၉၀ ရာခိုင်နှုန်းခန့် နေရာယူလာတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ပြည်တွင်းမှာ ဆီထွက်သီးနှံစိုက်ပျိုးမှုထုတ်လုပ်မှုလျော့ကျလာတာကို တွေ့ရှိရပါတယ်။ ထုတ်လုပ်မှုလျော့ကျလာတာနဲ့အမျှ လျော့ကျလာခြင်း အကြောင်းတစ်ရပ်အပြင် ဆီဈေးကွက်မှာ ပြည်တွင်းထုတ်လုပ်တဲ့ဆီများရဲ့ ရောင်းချမှုဟာလည်း နှေးကွေးလေးလံလာပါတယ်။ ကျွန်တော်တို့ တစ်လလောက်ကြိတ်ပြီးရင် နှစ်လ၊ သုံးလလောက် စောင့်ရောင်းမှ အဲဒီဆီဟာကုန်လာပါတယ်။ ဒါကြောင့်မို့လို့ တချို့ဆီစက်များဟာ အခြားလုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်ဖို့ပင် စဉ်းစားနေကြသည်ဟုကြားသိရပါတယ်။ ယခုလို စားအုန်းဆီအထူးအဝင်များတဲ့ ယခုနှစ်များမှာဆိုလျှင် စားအုန်းဆီ ဈေးရဲ့ ဈေးနှုန်းအထူးချိုသာမှုကြောင့်လည်းကောင်း

ပြည်တွင်းမှာရှိတဲ့ဆီစက်များဟာ အားလုံးရဲ့ ၂၀ ရာခိုင်နှုန်းနဲ့ ၃၀ ရာခိုင်နှုန်းခန့်သာ အားခဲပြီး၊ ကြိုးစားပြီး လည်ပတ်နေကြတာတွေ့ရှိရပါတယ်။ ယခုအတိုင်းသာ ဆက်၍သွားမည်ဆိုလျှင် တစ်ချိန်မှာစားသုံးဆီကို ပြင်ပကတင်သွင်းရပြီးတော့ လုံးဝအားကိုးရတဲ့ ပြည်ပကိုလုံးဝအားကိုးရတဲ့ အခြေအနေကို ရောက်သွားရမည်ကို ကျွန်တော်တို့ စိုးရိမ်နေကြပါတယ်။ ထို့အပြင်ပြည်တွင်းမှာ ဆီကြိတ်စက်များရပ်ဆိုင်းသွားမည်ဆိုလျှင် တိရစ္ဆာန်အစားအစာများ လုံးဝလုံလောက်မှုမရှိတာဖြစ်တဲ့အတွက် တိရစ္ဆာန်အစားအစာကိုပါ ပြည်ပမှ တင်သွင်းရသော အခြေအနေကို လုံးဝတင်သွင်းရတဲ့ အခြေအနေကိုရောက်သွားနိုင်ပါတယ်။ ယခုတော့ အချို့တစ်ပိုင်းတင်သွင်းတာကို တွေ့ရှိရပါတယ်။ အခြေအနေကတော့ ကျွန်တော်တို့ အရည်မရအဖတ်မရအခြေအနေကို ရောက်နေပြီလို့ ထင်မြင်ရပါတယ်။ ထို့အပြင် ကျွန်တော်တို့ ပြည်တွင်းမှာ ပဲမျိုးစုံနဲ့စပါးကနေပြီးတော့ ပြည်ပကိုပို့ပြီးတော့ ရရှိတဲ့နိုင်ငံခြားဝင်ငွေဟာလည်းပဲ ကျွန်တော်တို့ စားအုန်းဆီနဲ့တိရစ္ဆာန်အစားအစာများ ပြန်လည်တင်သွင်းရသည်နဲ့ အလဟဿကုန်သွားမှာကို စိုးရိမ်ရပါတယ်။ ထို့ကြောင့်မို့လို့ စားအုန်းဆီကို အကန့်အသတ်တစ်ခုအထိ ပြည်ပမှလျှော့သွင်းခြင်းဖြင့် ပြည်တွင်းမှထွက်ရှိတဲ့ ကျွန်တော်တို့ ဆီထွက်သီးနှံများရဲ့ဈေးကွက်နဲ့အရောင်းအဝယ်ဟာ ကောင်းလာပြီးတော့ သင့်တင့်မျှတတဲ့ဈေးကို ရောင်းလာနိုင်လိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ အဲဒီအခါမှာ တောင်သူများအတွက်လည်း ပိုမိုကောင်းတဲ့အခြေအနေကိုရောက်ရှိလာနိုင်ပါတယ်။ နောက် နိုင်ငံတော်အတွက်လည်း Earning Money Dollar ကိုနိုင်ငံအတွက်ပိုမိုအကျိုးရှိတဲ့နေရာမှာ ပိုမိုသုံးစွဲနိုင်တဲ့အခြေအနေကိုလည်း ရရှိနိုင်လိမ်မယ့်လို့မျှော်လင့်ပါတယ်။ ပြည်တွင်းမှာ ကြိတ်ဝါးထုတ်လုပ်တဲ့ အစီအစဥ်များအတွက်ပိုမို လုပ်အားရှိလာပြီးတော့ ဆီစက်လုပ်သားများလည်း အလုပ်အကိုင်များ ပွင့်လင်းလာဖို့ရှိပါတယ်။ တိရစ္ဆာန်အစားအစာများပေါ်များလာခြင်းအကျိုးကိုလည်း ရရှိနိုင်ပါတယ်။ စားသုံးသူလူထုအတွက်လည်း ကျန်းမာရေးနဲ့အထူးညီညွတ်တဲ့ ပြည်တွင်းထုတ်တဲ့ စားသုံးဆီကိုသင့်တင့်မျှတသော ဈေးနှုန်းနဲ့စားသုံးနိုင်ခြင်း အကျိုးကိုရရှိခြင်းအားဖြင့် စသည့်ကောင်းကျိုးအဖုံဖုံကို ရနိုင်လိမ့်မည်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ ဒါကြောင့်မို့ စားအုန်းဆီကို အတိုင်းအတာတစ်ခုအထိ လျှော့သွင်းရန်ရှိ၊ မရှိသိလိုခြင်း မေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဆုတောင်း

မေတ္တာပို့သရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖြစ်ပါတယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ အခုလိုဖြေကြားခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားရရင်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး(ယာယီ)အက်ဥပဒေအရထုတ်ပြန်ထားတဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များနဲ့ သမဝါယမအသင်းများမှ ပြည်ပသို့တင်ပို့ခွင့်မပြုတဲ့ ကုန်ပစ္စည်းများစာရင်းမှာ ဆီကြိတ်ဖတ်အားလုံးနဲ့ ပုစွန်ဖွဲတို့ပါဝင်ပါတယ်။ ဆီကြိတ်ဖတ်နဲ့ပုစွန်ဖွဲများဟာ တိရစ္ဆာန်အစားအစာများ ဖြစ်ကြပါတယ်။ မြန်မာနိုင်ငံမှာအသား၊ ငါးတိုးတက်ထုတ်လုပ်နိုင်ရေး အစီအစဥ်အရ မွေးမြူရေးဇုန်များ၊ ငါးမွေးကန်များတိုးချဲ့မွေးမြူခြင်းများကို ထူထောင်ဆောင်ရွက်ခဲ့ပါတယ်။ ဆီကြိတ်ဖတ်များနှင့် ပုစွန်ဖွဲတို့ဟာ ပရိုတိန်းဓာတ်ပါဝင်မှုမြင့်မားတဲ့ တိရစ္ဆာန်အစာများဖြစ်တဲ့အတွက် အသားတိုးထုတ်လုပ်တဲ့မွေးမြူရေးလုပ်ငန်းများမှာ မရှိမဖြစ်လိုအပ်လာသော တိရစ္ဆာန်အစားအစာများ ဖြစ်ပါတယ်။ ပဲပုတ်ဖတ်၊ နှမ်းဖတ်၊ ပဲဖတ်များ ပြည်တွင်းမှာ လွယ်လွယ်ကူကူဝယ်ယူရရှိခြင်းဖြင့် တိရစ္ဆာန်၊ ငါးပုစွန်မွေးမြူသူများ ဈေးနှုန်းသက်သက်သာသာနဲ့ မွေးမြူနိုင်ခြင်းဖြင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့တိုင်းဒေသကြီးများအတွင်း ငါးကန်ဧက ၂၁၈၇၄၆ ဧကနဲ့ ငါးမွေးမြူသူ ၁၉၄၅၀ ဦးရှိပါတယ်။ ထိုငါးမွေးမြူသားများဟာ ထုတ်လုပ်မှုစရိတ်မြင့်မားပြီး တွက်ခြေမကိုက်မှုများဖြစ်ပေါ်လျှင် ငါးမွေးမြူမှုများကျဆင်းသွားမှာဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာ ပင်လယ်ငါးသယံဇာတလျော့နည်းလာတဲ့အချိန်မှာမွေးမြူရေး Aquaculture တိုးမြှင့်ခြင်းဖြင့် ငါးပုစွန်မွေးမြူထုတ်လုပ်မှုအဆများစွာ တိုးချဲ့နိုင်တဲ့အတွက် ၎င်းတို့ရဲ့ငါးထုတ်လုပ်မှုဟာ ကမ္ဘာမှာဒုတိယအဆင့်အထိ ထိန်းထားနိုင်တာကို တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံမှာလည်း သဘာဝသယံဇာတကို ရေရှည်မှာ အကန့်အသတ်ဖြင့် ထုတ်လုပ်လာရချိန်မှာ ငါးပုစွန်မွေးမြူမှု တိုးတက်ထုတ်လုပ်နိုင်မှသာ ရေထွက်ပစ္စည်း ပို့ကုန်ကဏ္ဍမကျဆင်းမှာဖြစ်ပါတယ်။ ဒီလိုတိုးတက်ထုတ်လုပ်နိုင်ဖို့အတွက် တိရစ္ဆာန်အစာဟာ ပိုမိုလိုအပ်မှာဖြစ်ပါတယ်။ ပြည်တွင်းပေါက်ဈေးများဟာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ဈေးများထက်မြင့်မားပါက ဈေးနှုန်းကြီးမြင့်ပြီးတွက်ခြေကိုက်မှုနည်းလာပါမယ်။ တစ်ဖက်ကလည်း တောင်သူလယ်သမားများရဲ့ လယ်ယာထွက်ကုန်များအား ကုန်ကြမ်းအဖြစ်ရောင်းချရခြင်းထက် ကုန်ချောအဖြစ်ရောင်းရပါက တောင်သူများရဲ့ဝင်ငွေ

တိုးလာမှာဖြစ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်လာတဲ့ စီးပွားရေးနှင့်လူနေမှုအဆင့်အတန်း မြင့်မားလာမှုတို့ကြောင့် ပြည်တွင်းစားသုံးမှုကဏ္ဍမှာ အသား၊ ငါးများစားသုံးမှုတိုးတက်လာမှု အခြေအနေအရလည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများရဲ့ သားငါးစားနပ်ရိက္ခာ လိုအပ်ချက်အခြေအနေအရလည်းကောင်း မြန်မာနိုင်ငံမှ အသားနှင့် ငါးပြည်ပတင်ပို့မှုဈေးကွက် တိုးချဲ့ပြီး ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရန် အားပေးကြိုးပမ်းထုတ်လုပ်ရမယ့် အခြေအနေ ဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ချမှတ်ကျင့်သုံးလျက်ရှိသည့် ပို့ကုန် အခြေခံမူမှာ မိမိ၏သဘာဝသယံဇာတနှင့် လူ့အရင်းအမြစ်များကို အကျိုးရှိစွာအသုံးချလျက် ပြည်ပဈေးကွက်သို့ တိုးချဲ့ထိုးဖောက်ဝင်ရောက်ရန်နှင့် သမရိုးကျပို့ကုန်ပစ္စည်းများအပြင် တန်ဖိုးမြင့် ကုန်ချောပစ္စည်းများကို တိုးချဲ့တင်ပို့ရေးကြိုးပမ်းရန်ဟုချမှတ် ဆောင်ရွက်နေပါတယ်။

တိရစ္ဆာန်အစားအစာဆီကြိတ်ဖတ်များကို ပြည်ပသို့ တင်ပို့ခွင့်ပြုခြင်းထက် တိရစ္ဆာန်အစာများ ကို ပြည်တွင်းမွေးမြူရေးလုပ်ငန်းမှာ ထိထိရောက်ရောက်အသုံးချပြီး အသားငါးထုတ်လုပ်မှုတိုးမြှင့်ကာ ပြည်တွင်းဈေးကွက်ပိုလျှံသမျှ သားငါးများကို ပြည်ပသို့တင်ပို့ရောင်းချခြင်းဖြင့် ပိုမိုအကျိုးရှိရှိ အသုံးချနိုင်မယ်လို့ သုံးသပ်တွေ့ရှိရပါတယ်။ အခုအခါမှာ နိုင်ငံတော်အနေနဲ့ ဈေးကွက်စီးပွားရေး စနစ်ကို ပီပီပြင်ပြင်ဆောင်ရွက်သွားမည်ဟု ရည်မှန်းချက်ထားပြီး လုပ်ဆောင်လျက်ရှိရာ မိမိထုတ်လုပ် တဲ့ လယ်ယာထွက်ကုန်များပိုလျှံပြီး ပြည်ပဝယ်လိုအားရှိ၍ တင်ပို့နိုင်ခဲ့သလို အချို့သောနှစ်များမှာ လည်း ရာသီဥတု ဖောက်ပြန်မှုကြောင့် သီးနှံအထွက် ဆုတ်ယုတ်တဲ့အခြေအနေမျိုးဆိုရင်လည်း ပြည်တွင်းလိုအပ်ချက်အရ ပဲဖတ်၊ နှမ်းဖတ်များ ပြည်ပမှတင်သွင်းခဲ့ရခြင်းများလည်းရှိခဲ့ပါတယ်။ ဒါကြောင့် ဆီကြိတ်ဖတ်အပါအဝင် တိရစ္ဆာန်အစားအစာများကို ပြည်ပသို့တင်ပို့စေခြင်း၊ ပြည်ပမှ တင်သွင်းမှုကိုတားမြစ်စေခြင်းများကို ပုံသေမူဝါဒ ချမှတ်ဆောင်ရွက်ခြင်းထက် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၏အကျိုး၊ ကြိတ်ခွဲထုတ်လုပ်သူ ဆီစက်၊ ဆန်စက်ပိုင်ရှင်များ၏အကျိုး၊ ငါးပုစွန်မွေးမြူထုတ်လုပ်သူများ၏ အကျိုး တို့အပြင် နှစ်စဉ်ပြည်တွင်းထုတ်လုပ်နိုင်မှု၊ ပြည်တွင်းသုံးစွဲမှု လိုအပ်ချက်တို့ကို ဘက်ပေါင်းစုံထည့်သွင်းတွက်ချက်၍ အခြေအနေအချိန်အခါအလိုက် သုံးသပ် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဖြေကြားအပ်ပါတယ်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကိုကြီး၏ စားအုန်းဆီတင်သွင်းခြင်းဆိုင်ရာ မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားမှာဖြစ်ပါ တယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိလူဦးရေအရ စားအုန်းဆီပြည်တွင်းဝယ်လိုအားနဲ့ ရောင်းလိုအား Supply and Demand ကိုတွက်ချက်ကြည့်မယ်ဆိုရင် လူတစ်ဦးလျှင် တစ်နှစ်စားသုံးမှု ဆီ ၆.၂၅ ပိဿာနှုန်းနဲ့

လူဦးရေ သန်း ၆၀ ရဲ့ တစ်နှစ်စားသုံးမှုဆီတန်ချိန် ခြောက်သိန်းဖြစ်ပြီးတော့ လုပ်ငန်းသုံးနဲ့ စားသောက်ဆိုင်သုံးဆီတန်ချိန် သုံးသိန်းဖြစ်တာကြောင့် စုစုပေါင်းစားသုံးဆီ တစ်နှစ်လိုအပ်ချက်တန်ချိန် ကိုးသိန်းဖြစ်ပါတယ်။ ပြည်တွင်းထုတ်လုပ်နိုင်မှုကိုကြည့်ရင် မြေပဲ၊ နှမ်း၊ နေကြာနဲ့ အခြားဆီထွက်သီးနှံများကနေ တစ်နှစ်ကို ဆီတန်ချိန် ၅.၉ သိန်းပဲရှိတာကြောင့် တစ်နှစ်ကို ဆီတန်ချိန် ၃.၁ သိန်း၊ တစ်လကို ဆီတန်ချိန် ၂၅၈၀၀ ကျော်ထပ်မံလိုအပ်ကြောင်း တွက်ချက်ရရှိပါတယ်။ ဒီလိုအပ်ချက်ရှိနေတာကို ပြည်ပက စားအုန်းဆီ တင်သွင်းခြင်းဖြင့် ပြည်တွင်းစားသုံးဆီ လုံလောက်မှုရှိရန်နဲ့ ပြည်တွင်းစားသုံးဆီ ဈေးနှုန်းများတည်ငြိမ် မှုရှိအောင်ဆောင်ရွက်ပေးရတာဖြစ်ပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှထုတ်ပြန်ထားတဲ့ ပြည်ပသို့တင်ပို့ခွင့်မပြုတဲ့ ကုန်ပစ္စည်းများအထဲမှာ ဆီကြိတ်ရာ၌အသုံးပြုသည့် နှမ်းနီ၊ နှမ်းညို၊ နှမ်းဆီ၊ မြေပဲနှင့် မြေပဲဆီများထည့်သွင်းသတ်မှတ်ထားခြင်းကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့မှာ ကင်းလွတ်ခွင့်ပြုလျက် ပြည်ပသို့ တင်ပို့ခွင့်ပြုပြီးဖြစ်ပါတယ်။

ယခင်က ပြည်တွင်းစားသုံးမှုဖူလုံစေမှုကို ရှေးရှုပြီး ဆီကြိတ်နှမ်းများဖြစ်တဲ့ နှမ်းနီ၊ နှမ်းညို၊ နှမ်းဆီ၊ မြေပဲ၊ မြေပဲဆီများကို ပြည်ပတင်ပို့ ခွင့်မပြုဘဲ ကန့်သတ်ထားခဲ့ပါတယ်။ ဒီလိုကန့်သတ်ချက်ရဲ့ အကျိုးဆက်အနေနဲ့ မြေပဲ၊ နှမ်းနီ၊ နှမ်းညိုများကို တရားမဝင်နည်းလမ်းဖြင့် ပြည်ပသို့ တင်ပို့ခြင်း၊ စိုက်ပျိုး ထုတ်လုပ်မှုအပိုင်းမှာလည်း အခြားပြည်ပပို့ကုန်သီးနှံများသာ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ကြတဲ့ အတွက်ဆီထွက်သီးနှံများ အထွက်ပမာဏကျဆင်းလာခြင်း၊ သီးနှံ့အရည်အသွေးများကျဆင်းလာခြင်း စတဲ့ အကျိုးဆက်များဖြစ်ပေါ်လာခဲ့ပါတယ်။ ယခုနှစ်မှာ ရာသီဥတုအခြေအနေဟာ နှမ်းအကြိုက် ရာသီဥတုအခြေအနေဖြစ်တဲ့အတွက် နှမ်းအထွက် ပိုမိုလာခြင်း၊ နှမ်းများပေါ်ဦးစအခြေအနေမှာ နှမ်းဈေးများကျဆင်းလာပြီး တောင်သူများတွက်ခြေမကိုက်မှု ဖြစ်လာနိုင်ခြင်းများကြောင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူများနှင့် ပြည်ပပို့ကုန်လုပ်ငန်းရှင်များ၏ တင်ပြချက်အရ ဆီကြိတ်နှမ်းများဖြစ်တဲ့ နှမ်းနီ၊ နှမ်းညိုနှင့် မြေပဲ၊ နှမ်းဆီ၊ မြေပဲဆီများကို ပြည်ပသို့တင်ပို့ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ အဲဒီလိုတင်ပို့ခွင့်ပြုခဲ့တာကြောင့် နှမ်းနီ၊ နှမ်းညို ဈေးဟာ ယခင်တင်ပို့ခွင့်မပြုခင်က တစ်တန်ကို ကျပ် ၇၀၀၀၀၀ ဝန်းကျင်သာရှိခဲ့ရာမှ တင်ပို့ခွင့်ပြုပြီး နောက် ကျပ် ၈၈၀၀၀၀ ဝန်းကျင်သို့ သိသိသာသာ တက်လာတာကိုတွေ့ရပါတယ်။ ဒါကြောင့် စိုက်ပျိုးထုတ်လုပ်သူများ ပိုမိုအကျိုးကျေးဇူးဖြစ်ထွန်းခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် နှမ်း၊ မြေပဲများသာမက မြေပဲဆီ၊ နှမ်းဆီများကို တင်ပို့ခွင့်ပြုထားတာဖြစ်တဲ့အတွက် ဆီစက်လုပ်ငန်းရှင်များလည်း ပြည်ပတင်ပို့ဖို့အခွင့်အလမ်းရရှိစေပါတယ်။ သို့သော် နိုင်ငံတကာ အဆင့်မီဈေးကွက်အကြိုက် ထုတ်လုပ်တင်ပို့နိုင်ဖို့ကို ကြိုးစားရမှာဖြစ်ပါတယ်။ ဒီလိုတင်ပို့ခွင့်ပြုခြင်း

အား ဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအတွက် အကျိုးဖြစ်ထွန်းမှုများ ရရှိလာမှာဖြစ်သလို ဆီစက်များအနေနဲ့လည်း နှမ်းဆီ၊ မြေပဲဆီများအဖြစ် ကြိတ်ခွဲထုတ်လုပ်ပြီး ပြည်ပကိုတင်ပို့နိုင်ပြီ ဖြစ်တာကြောင့် ဆီစက်လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်တော့မှာ ဖြစ်ပါတယ်။ ဆီအဖြစ်ကြိတ်ခွဲထုတ်လုပ်တင်ပို့နိုင်ခြင်းကြောင့် မွေးမြူရေးအစာဖြစ်တဲ့ ပဲဖတ်၊ နှမ်းဖတ် စတာများလည်း ပေါပေါများများထွက်ရှိလာနိုင်မှာဖြစ်ပါတယ်။ နှမ်းနီ၊ နှမ်းညို၊ နှမ်းဆီ၊ မြေပဲဆန်နဲ့ မြေပဲဆီများ ပြည်ပဈေးကွက် တိုးမြှင့်ရှာဖွေနိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာကုန်သည်အသင်းအဖွဲ့များနဲ့ ပူးပေါင်းညှိနှိုင်းပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ယခု စားအုန်းဆီတင်သွင်းမှုပမာဏဟာ လွန်ခဲ့သောနှစ်များကာလအတွင်း တစ်နှစ် တင်သွင်းခဲ့တဲ့ ပမာဏကိုတွက်ချက်ပြီး ပြည်ပမှတင်သွင်းခွင့်ပြုခဲ့တာဖြစ်ပါတယ်။ စားအုန်းဆီ တင်သွင်းရာမှာလည်း အရည်အသွေးနှင့် ပြည်တွင်းဖြန့်ဖြူးရောင်းချတဲ့ဈေးနှုန်းများကို အကောင်းဆုံးနှင့် အသက်သာဆုံးဖြစ်အောင် ညှိနှိုင်းစီမံဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ အထိခြောက်လခန့်ကာလအတွင်း ပြည်ပမှတင်သွင်းခဲ့မှုပမာဏဟာ ၁၂၃၄၁၄ မက်ထရစ်တန်ဖြစ်ပါတယ်။ တစ်လပျမ်းမျှ ၂၁၇၀၀ တန်ခန့်ဖြစ်ပါတယ်။

ပထမအဆင့်အနေနဲ့ ပြည်ပမှတင်သွင်းဖြန့်ဖြူးရောင်းချတဲ့ စားအုန်းဆီလက်လီဈေးကွက်မှာ ဈေးနှုန်းကျဆင်းတည်ငြိမ်လာပြီးနောက်မှာ ပြည်တွင်း ပြည်သူလူထုစားသုံးရာမှာ ကျန်းမာရေးနှင့် ပိုမိုညီ ညွတ်တဲ့ အရည်အသွေးမြင့် စားအုန်းဆီများကို တင်သွင်းရောင်းချဖို့စီမံဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ပြည်ပပို့ကုန် လယ်ယာထွက်ကုန်သီးနှံများရဲ့ အခြေအနေကို တင်ပြရလျှင် ပဲမျိုးစုံ တင်ပို့မှုဟာ ဈေးကွက်အကန့်အသတ်ရှိတာကြောင့် ပို့ကုန်ပဲမျိုးစုံရဲ့ ဈေးနှုန်းကောင်းမွန်တည်ငြိမ်မှု ရှိစေပြီး ရောင်းသူဈေးကွက် ဖန်တီးနိုင်ဖို့လည်း အရေးကြီးပါတယ်။ လယ်ယာထွက်ကုန်သီးနှံအချို့ ပြည်ပဈေးကွက်မှာ အကန့်အသတ်ဖြင့်ရွေးချယ်ဝယ်ယူမှုတွေနှင့် ရင်ဆိုင်ရတဲ့အခါ ပို့ကုန်လုပ်ငန်းရှင်များ အရှုံးပေါ်ခြင်းကတစ်ဆင့် တောင်သူများထုတ်လုပ်မှုစရိတ် မကာမိတဲ့ဈေးနှုန်းများအထိ ကျဆင်းခဲ့ရတာတွေ့ရှိရပါတယ်။ ဒါကြောင့် အခြားသောလယ်ယာထွက်ကုန်သီးနှံမျိုးစုံကို ပြည်ပဈေးကွက်သို့ ရှာဖွေတင်ပို့ရေးဟာ လိုအပ်ချက်တစ်ရပ် ဖြစ်လာပါတယ်။ ကုန်သွယ်မှုမှာ ကိုယ့်တစ်နိုင်ငံတည်း၊ ကိုယ့်ဒေသတစ်ခုတည်း အခြေအနေကိုသာမက အပြည်ပြည်ဆိုင်ရာနယ်ပယ်အထိ ကုန်သွယ်ဆက်ဆံမှုတွေကို လိုက်လျောညီထွေ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ တစ်ချိန်မှာ မြန်မာနိုင်ငံရဲ့ ပို့ကုန်ပစ္စည်းများထဲမှာ မြေပဲ၊ နှမ်းစတဲ့ ဆီထွက်သီးနှံများနဲ့ ပဲဆီ၊ နှမ်းဆီစသည်တို့ဟာ အဓိကနေရာမှာ ရှိလာနိုင်ဖို့အတွက် အခြေအနေကို ဖန်တီးနေရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဈေးကွက်ချိတ်ဆက်မှု

သဘောများအရလည်း ကြိုတင်မျှော် တွေးဆောင်ရွက် ရတာများဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီများကြောင့် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူများ၊ လုပ်ငန်းရှင်များ၊ အကျိုးထိခိုက်မှုများ ကြီးကြီးမားမားဖြစ်ပေါ်လာရင် ကာကွယ်တားဆီးနိုင်မယ့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ WTO ရဲ့ စည်းမျဉ်းစည်းကမ်း သဘောတူညီချက်များကိုလည်း လိုအပ်ရင် အသုံးချကာကွယ်နိုင်မှာ ဖြစ်ကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။ ထို့ကြောင့် ဦးကိုကြီးရဲ့မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူလယ်သမားများအတွက်လည်းကောင်း၊ ပြည်တွင်း၌ ကြိတ်ခွဲထုတ်လုပ်သော ဆီစက်များ အတွက်လည်းကောင်း၊ ဆီစက်လုပ်သားများ ပုံမှန်အလုပ်ရရှိရေးအတွက်လည်းကောင်း၊ တိရစ္ဆာန် အစားအစာအတွက် ပေါများခြင်းအကျိုးကိုလည်းကောင်း၊ စားသုံးသူလူထုကျန်းမာရေးနှင့် ညီညွတ် သောစားသုံးဆီများကို သင့်တင့်သောဈေးနှုန်းနှင့် စားသုံးနိုင်ခြင်း အကျိုးများရရှိနိုင်ရေးအတွက် လည်းကောင်း စနစ်တကျစိစစ်တွက်ချက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနဲ့ တစ်ဖက်ကလည်း ပြည်ပက စားအုန်းဆီများတင်သွင်းခြင်းကို စိစစ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားတင်ပြ အပ်ပါတယ်။ အခုလို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီးရဲ့မေးခွန်းကို ဖြေကြားခွင့်ရတဲ့ အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များကို ကျေးဇူးတင်ရှိပါကြောင်း တင်ပြရင်းနိဂုံးချုပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုင်းကျော်အုန်း၊ နမ့်ခမ်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါ တယ်။ ကျွန်တော်ကတော့ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခုအချိန်အခါမှာ မြန်မာနိုင်ငံဈေးကွက်အတွင်းမှာ စားသုံးသူပြည်သူများအတွက် အန္တရာယ် ရှိနိုင်တဲ့ အစားအစာနဲ့ဆေးဝါးများ အများအပြားရောင်းချနေတာကို တွေ့မြင်နေရပါတယ်။ စက်တင်ဘာလ ၂၅ ရက်နေ့ထုတ် Weekly,Eleven စာစောင်ထဲမှာလည်း သက်တမ်းကုန်ဆုံးဖို့ တစ်နှစ်နီးပါးကျန် ရှိနေသေးတဲ့ Cevit နဲ့ Adevit ဆေးပြားများရဲ့ အရည်အသွေးဟာသက်တမ်းလွန် Expire ဖြစ်နေတဲ့ ဆေးပြားများဖြစ်နေတဲ့အကြောင်းကိုသော်လည်းကောင်း၊ တရုတ်နိုင်ငံမှ အစားအစာထုတ်လုပ်တဲ့ စက်ရုံတစ်ခုဟာ ၎င်းထုတ်လုပ်တဲ့ပစ္စည်းများကို အသစ်လို့ယူဆရအောင် ပစ္စည်းထုတ်လုပ်တဲ့ရက်စွဲ Manufacturing Date ကို ပြင်ဆင်တပ်ဆင်ထားတဲ့အကြောင်းကိုလည်း ရေးသားဖော်ပြခဲ့တာကို

ဖတ်ရှုတွေ့ရှိခဲ့ရပါတယ်။ ၎င်းတရုတ်နိုင်ငံမှ ထုတ်လုပ်တဲ့စားသောက်ကုန်ပစ္စည်းများဟာ ကျွန်တော်တို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းကို တရားဝင်နဲ့တရားမဝင်တဲ့နည်းလမ်း လမ်းကြောင်းကနေပြီးတော့ အများအပြားရောက်ရှိနေပြီးတော့ ပြည်သူများဟာလည်း စွဲစွဲလမ်းလမ်းနဲ့ ဝယ်ယူစားသုံးနေတာကို တွေ့ရှိနေရပါတယ်။ ၎င်းသက်တမ်းလွန် တရုတ်နိုင်ငံထုတ်အစားအစာများ စားသုံးမိသည့်ကျောင်းသားကလေးငယ်များ ဗိုက်နာ၊ ဗိုက်အောက်၊ အထက်လှန်အောက်လျှော၊ ဝမ်းလျှောရောဂါဖြစ်ပြီးတော့ တချို့ကျောင်းသားကလေးငယ်များ ဆေးရုံတက်ရောက်ကုသရတဲ့အထိ နမ့်ခမ်းမြို့နယ်မှာကြုံတွေ့ခဲ့ရပါတယ်။ အထူးသဖြင့် သက်တမ်းလွန် အစားအသောက်များကိုသုံးစွဲမိရင်းအသဲကင်ဆာဖြစ်ပေါ်နိုင်မှု ရာခိုင်နှုန်းပိုမိုများပြားစေနိုင်တဲ့အတွက်ကြောင့် အထူးကြပ်မတ်စစ်ဆေးရန်လိုအပ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအစားအစာနှင့် ဆေးဝါးကွပ်ကဲကြီးကြပ်ရေးဌာန FDA မှလည်း မြို့နယ်တိုင်းကို ပုံမှန်ကွင်းဆင်းပြီးတော့ စစ်ဆေးသွားရန် အခက်အခဲရှိမယ်လို့ ထင်မြင်ယူဆပါတယ်။ အဲဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူများကိုယ်စား မေးခွန်းနှစ်ခုမေးမြန်းလိုပါတယ်။ မေးခွန်း (၁) မြို့နယ်တိုင်းတွင် ပညာရှင်များ၊ မြို့မိ၊ မြို့ဖများ ပါဝင်ဖွဲ့စည်းထားတဲ့ FDA အဖွဲ့ငယ်မျိုးဖွဲ့စည်းသွားနိုင်ရန် အစီအစဉ် ရှိပါသလား။ မေးခွန်း (၂) မရှိသေးပါက မည်သို့စီမံချက်များ ရေးဆွဲချမှတ်ပြီး မည်သည့်အချိန်ကာလတွင် ဆောင်ရွက်သွားမည်ကိုသိရှိလိုပါသည်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းကို ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းများပို့သပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ရှမ်းပြည်နယ်၊ နမ့်ခမ်းမဲဆန္ဒနယ် ပြည်သူ့ကိုယ်စားလှယ် ဒေါက်တာစိုင်းကျော်အုန်းရဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပြန်လည်ဖြေကြားရမယ်ဆိုရင် မြန်မာနိုင်ငံဈေးကွက်များအတွင်းမှာရောင်းချလျက်ရှိတဲ့ အစားအသောက်နဲ့ ဆေးဝါးများဟာ မြို့ကြီးများမှတစ်ဆင့် နယ်မြို့များသို့သယ်ယူဖြန့်ဖြူးရောင်းချလျက်ရှိတဲ့ အမျိုးသားဆေးဝါးဥပဒေအရ ဆေးဝါးမှတ်ပုံတင်ခြင်းပြုလုပ်ပြီးတော့ တရားဝင်တင်သွင်းတဲ့ ဆေးဝါးများရဲ့ အမှတ်တံဆိပ်ပေါ်မှာ မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ်ပါရမှာဖြစ်ပါတယ်။ နိုင်ငံပိုင်စက်ရုံများမှထုတ်လုပ်တဲ့ ဆေးဝါးများ၊ ပြည်ပနိုင်ငံများကထုတ်လုပ်ပြီး တရားဝင်လမ်းကြောင်းကတင်သွင်းသော ဆေးဝါးများကလည်း ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နဲ့ဆေးဝါးကွပ်ကဲရေးဌာနက စစ်ဆေးပြီးတော့ မြန်မာနိုင်ငံမှာမှတ်ပုံတင်ထားတဲ့

ဆေးဝါးများဖြစ်တဲ့အတွက် အရည်အသွေး အာနိသင်အာမခံချက်ရှိတဲ့ ဆေးဝါးများဖြစ်ပါတယ်။ ထို့အတူ မြန်မာနိုင်ငံရှိစက်ရုံများမှ ထုတ်လုပ်တဲ့ အစားအသောက်နဲ့ ပြည်ပနိုင်ငံများမှ တရားဝင်လမ်းကြောင်းက တင်သွင်းတဲ့ အစားအသောက်များဟာလည်း အစားအသောက်နဲ့ဆေးဝါးကွပ်ကဲရေး ဌာနက စစ်ဆေးပြီးတဲ့ အစားအသောက်များဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း ဈေးကွက်အတွင်းရှိ အစားအသောက်နဲ့ဆေးဝါးများကို နမူနာကောက်ယူပြီးတော့ နေပြည်တော်၊ ရန်ကုန်နဲ့မန္တလေးမြို့မှာရှိတဲ့ အစားအသောက်နဲ့ဆေးဝါးကွပ်ကဲရေးဌာနမှ ဓာတ်ခွဲခန်းများမှာ ပုံမှန်စစ်ဆေးပြီးတော့ အရေးယူဆောင်ရွက်လျက်ရှိသလို အခါအားလျော်စွာ သတင်းအရ ရှောင်တခင်စစ်ဆေးတာမျိုးတွေကိုလည်း ပြုလုပ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအစားအသောက်နဲ့ဆေးဝါးကွပ်ကဲရေးဌာနက စစ်ဆေးတွေ့ရှိတဲ့ စားသုံးသူများအတွက် အန္တရာယ်ရှိနိုင်တဲ့ အစားအသောက်နဲ့ဆေးဝါးများကိုလည်း အများပြည်သူများသိရှိနိုင်ရန် သတင်းစာ၊ ဂျာနယ်၊ ရေဒီယို၊ ရုပ်မြင်သံကြားအစရှိတဲ့ သတင်းမီဒီယာများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ အသိပေးကြေညာခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်များသို့ အစားအသောက်များနှင့်ဆေးဝါးများ စစ်ဆေးအရေးယူဆောင်ရွက်ခြင်း၊ အကြောင်းကြားခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီနည်းတူ အရေးယူဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ဟာ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(ဃ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးပြီးတော့ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၂) ဖြင့် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီအဆင့်ဆင့်ကို (က)ဗဟို၊ (ခ) တိုင်းဒေသကြီး/ပြည်နယ်၊ (ဂ)ခရိုင်၊ (ဃ)မြို့နယ်အဆင့်တို့မှာ အဆင့်ဆင့်ဖွဲ့စည်းပြီးတော့ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးထားပြီး ဖြစ်ပါတယ်။ ဥပမာ- မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီမှာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီးတော့ မြို့နယ်မှာရှိတဲ့ဆေးဝါးကျွမ်းကျင်သူ သို့မဟုတ် လက်ထောက်ကျန်းမာရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မြန်မာနိုင်ငံရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်စည်ပင်သာယာရေး၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီးတော့ ဥက္ကဋ္ဌကတာဝန်ပေးတဲ့ ကျန်းမာရေးအရာရှိ ဒါမှမဟုတ်ရင် လက်ထောက်ကျန်းမာရေးမှူးတစ်ဦးက အတွင်းရေးမှူးအဖြစ်ပါဝင်ဆောင်ရွက်ရပါတယ်။ ဒီကော်မတီရဲ့တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ -

(က) ဆေးဝါးရောင်းချခွင့် လိုင်စင်လျှောက်ထားတဲ့ကိစ္စရပ်ကို စိစစ်၍ လိုင်စင်ထုတ်ပေးခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) အစားအသောက်နှင့် ဆေးဝါးစစ်ဆေးခြင်းဆိုင်ရာကိစ္စအဝဝကို ကြီးကြပ်ခြင်း၊ လိုအပ်ပါက ကိုယ်တိုင်ဆောင်ရွက်ခြင်းနှင့် စည်းကမ်းဖောက်ဖျက်မှုများအားအရေးယူခြင်း၊

(ဂ) လိုင်စင်ပါစည်းကမ်းချက်များနှင့် ကျန်းမာရေးဝန်ကြီးဌာန သို့မဟုတ် မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားတဲ့အစားအသောက်နှင့် ဆေးဝါးဆိုင်ရာစည်းကမ်းများကို လိုက်နာရေးကိစ္စရပ်များနှင့်ပတ်သက်၍ ကြီးကြပ်ခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူခြင်း၊

(ဃ) အထက်အဆင့်အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ရေးကော်မတီများရဲ့ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်းတို့ဖြစ်ပြီးတော့ မြို့နယ်တိုင်းမှာ လုပ်ငန်းဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့မှာ အဖွဲ့လည်းဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ အရေးကြီးတာကတော့ သက်ဆိုင်ရာအဖွဲ့ဝင်များကိုကော၊ မြို့နယ်မှာရှိတဲ့တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပြီးတော့ လက်ရှိလုပ်ကိုင်နေတာကို ပိုမိုပြီးတော့ ထိရောက်မှုရှိအောင် Enforcement ကလည်းအားကောင်းအောင်လုပ်ဖို့ပဲရှိပါတယ်။ အဖွဲ့ကတော့ မြို့နယ်အဆင့်အထိ ဖွဲ့စည်းထားပြီးသားဖြစ်ပါတယ်လို့ ဖြေကြားလိုပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇာတလဲမ်း၊ ထန်တလန်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များရှင့်။ ကျွန်မကတော့ ချင်းပြည်နယ် ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ဖြစ်ပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ ချင်းပြည်နယ် ကျန်းမာရေးနှင့်ပတ်သက်၍ အားနည်းမှုများကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ဖွံ့ဖြိုး တိုးတက်ရေးအတွက် အဓိကဆောင်ရွက်ပေးနိုင်ရန် မေးမြန်းလိုပါတယ်ရှင်။ ကျွန်မတို့ ချင်းပြည်နယ်တွင် ကျန်းမာရေးသည် အရေးကြီးပါတယ်။ ကျန်းမာရေးကောင်းမွန်မှသာ အမျိုးသားအရင်းအမြစ်တို့၏ စွမ်းဆောင်ရည် မြင့်မားမှုကိုဖြစ်ပေါ်မှာဖြစ်ပါတယ်။ ယခုအခါ ချင်းပြည်နယ်တွင် ပြည်နယ်အစိုးရများရှိနေသော်လည်း ပြည်နယ်တစ်ခုအဆင့်အတန်းမပြည့်စုံပါ။ ချင်းပြည်နယ်မြို့တော်တွင် မျက်စိအထူးကုပါရဂူ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုပါရဂူ၊ ကလေးအထူးကုပါရဂူ၊ အခြား အထူးကုပါရဂူများ လုံလောက်စွာမရှိပါ။ ပြည်နယ်အစိုးရများဝန်ကြီးကိုယ်တိုင် ကျန်းမာရေးစစ်ဆေးချင်တဲ့အခါမှာလည်း အခက်အခဲများ ကြုံတွေ့နေရပါတယ်။ အလားတူပင် ချင်းပြည်နယ်၊ တီးတိန်၊ ဖလမ်း၊ မင်းတပ်၊ တွန်းဇံ၊ မတူပီ၊ ကန်ပက်လက်၊ ပလက်ဝစသည့်မြို့နယ်ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများတွင်လည်း ဆရာဝန်များ

ခန့်ပေးရန်လိုအပ်ပါတယ်။ ကျွန်မတို့ ထန်တလန်ဆေးရုံတွင် ယခင်မရရှိခဲ့သော ဆရာဝန်ကောင်းများ ကိုနိုင်ငံတော်အစိုးရသစ်မှ ချပေးထားတဲ့အတွက် ထန်တလန်ပြည်သူများ ဝမ်းမြောက်ဝမ်းသာရှိကြ ပါတယ်ရှင်။ သို့သော်လည်း ဆေးရုံတွင် ဆေးရုံသုံး ကိရိယာများ ဖြစ်သည့် ပေါင်းအိုး၊ ခွဲစုပ်စက်၊ ECG စက်၊ အောက်စီဂျင်ဆလင်ဒါ၊ လူနာတင်ကား၊ ဆိုင်ကယ်၊ ရေမီး ၂၄ နာရီရရှိရန်လည်း ဝန်ထမ်း အိမ်ရာတို့လည်း လိုအပ်နေပါတယ်။ ထန်တလန်မြို့နယ်ရှိ ၂၅ ခုတင်ဆံ့ ဆေးရုံကိုလည်း ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ် တိုးချဲ့လိုပါတယ်ရှင်။ များသောအားဖြင့် ချင်းပြည်နယ်တွင် ဆရာဝန်များခန့်အပ် ပေးသော်လည်း အမည်စာရင်းသာရှိပြီး လူကိုယ်တိုင်မလာတာများပါတယ်။ ဤကဲ့သို့ ချင်းပြည်နယ် တွင်ဆရာဝန်များအချိန်ပြည့်တာဝန် မထမ်းဆောင်နိုင်ခြင်းမှာ ချင်းပြည်နယ်အတွက် ပြဿနာတစ်ခု ဖြစ်ပါတယ်။ ဤပြဿနာများကို ဖြေရှင်းနိုင်ရန် ပြည်ထောင်စုအစိုးရမှ ကျွန်မတို့ ချင်းပြည်နယ်ကဲ့သို့ ဝေးလံသောနေရာများကို သွားရောက်တာဝန်ထမ်းဆောင်သော ဆရာဝန်များ၊ ဝန်ထမ်းများအား အထူးဂုဏ်ပြုမှုကို ချီးမြှင့်ပေးခြင်းဖြင့် ဖြေရှင်းပေးနိုင်မယ်လို့ ယူဆမိပါတယ်။ ချင်းပြည်နယ်တွင် တာဝန်ထမ်းဆောင်ကြသည့်ဝန်ထမ်းနှင့် ဆရာဝန်များအား သက်ဆိုင်ရာပြည်နယ်ဝန်ကြီးဌာနမှ ခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်းများကို ပြုလုပ်ခွင့်ရနိုင်ရန်လည်း လိုအပ်ပါတယ်။ အထက်ပါ ဖော်ပြချက် များ၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ပြည်ထောင်စု အစိုးရမှဖြည့်ဆည်းပေးနိုင်မလား မေးမြန်း လိုပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇာတလဲမ်းရဲ့မေးခွန်းကို ဖြေကြားခွင့်ရတဲ့အတွက် ကျွန်တော့် အနေနဲ့ များစွာကျေးဇူးတင်ပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ ဒေါ်ဇာတလဲမ်းတင်ပြသွားတဲ့အတိုင်း ချင်းပြည်နယ်မှာ အားနည်းချက်လေးတွေ အနည်းငယ်ရှိပါတယ်။ ခုတော့ တတ်နိုင်သလောက် ပြန်လည်ဖြည့်ဆည်းပြီး ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တင်ပြရမယ်ဆိုရင် ချင်းပြည်နယ်မြို့တော်၊ ဟားခါးပြည်သူ့ဆေးရုံကြီးမှာ ယခုအခါမှာ ဆေးရုံအုပ်ကြီးတစ်ဦး၊ အထူးကုဆရာဝန်ကြီး သားဖွားမီးယပ် တစ်ဦး၊ အထူးကုဆရာဝန်သားဖွားမီးယပ်တစ်ဦး၊ လက်ထောက်ဆရာဝန်ခွဲစိတ်တစ်ဦး၊ လက်ထောက် ဆရာဝန်မေ့ဆေးတစ်ဦး၊ လက်ထောက်ဆရာဝန်အရိုးတစ်ဦး၊ လက်ထောက်ဆရာဝန်မျက်စိတစ်ဦး၊ လက်ထောက်ဆရာဝန် နား၊ နှာခေါင်းနှင့် လည်ချောင်းတစ်ဦးနှင့် အခြားလက်ထောက်ဆရာဝန် ကိုးဦးတို့ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိပြီးတော့ အခုနောက်ဆုံးမှာ လက်ထောက်ဆရာဝန်ဆေးပညာတစ်ဦး

နှင့် လက်ထောက်ဆရာဝန်ကလေး ကျန်းမာရေးတစ်ဦးတို့ကိုလည်း ပြောင်းရွှေ့တာဝန်ချထားပြီး ဖြစ်ပါတယ်။ တိုက်နယ်ဆေးရုံတွေမှာ ပထမတိုက်နယ်ဆရာဝန်တွေ နည်းပါးနေတယ်ဆိုတာ ယခု အချိန်မှာတော့ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဆူခွားတိုက်နယ်ဆေးရုံမှာ တိုက်နယ်ဆရာဝန်တစ်ဦး၊ ဖလမ်းမြို့နယ်လုံပန်းတိုက်နယ်ဆေးရုံမှာ တာဝန်ခံဆရာဝန်တစ်ဦး၊ တီးတိန်မြို့နယ် ထုတ်လိုင်တိုက်နယ် ဆေးရုံမှာ တိုက်နယ်ဆရာဝန်တစ်ဦး၊ မင်းတပ်မြို့နယ် ဝမ်းသူးတိုက်နယ်ဆေးရုံမှာ တိုက်နယ်ဆရာဝန် တစ်ဦးနဲ့ ကန်ပက်လက်မြို့နယ် ဂျင်သွေးတိုက်နယ်ဆေးရုံသို့ ဆရာဝန်တစ်ဦး ပြောင်းရွှေ့တာဝန် ချထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် ချင်းပြည်နယ်ရှိ ဆေးရုံကြီးများနှင့် တိုက်နယ်ဆေးရုံများမှာ လုပ်ငန်း လိုအပ်ချက်အရ အထူးကုဆရာဝန်များနှင့် တိုက်နယ်ဆရာဝန်တို့ကို ဦးစားပေးခန့်ထားပေးသွားမှာ ဖြစ်ပါတယ်။ ဒီလောလောဆယ်မှာတော့ ထန်တလန်ဆေးရုံကို ခုတင် ၅၀ အဖြစ်တိုးချဲ့ဖို့အဆိုပြု တင်ပြထားခြင်းတော့ မရှိသေးပါဘူး။ လုပ်ငန်း လိုအပ်ချက်နဲ့အညီတော့ ဆက်လက်ဆောင်ရွက် သွားမှာပဲဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ချင်းပြည်နယ်သို့ တာဝန်ထမ်းဆောင်ကြတဲ့ဝန်ထမ်းများကို နိုင်ငံတော်အနေနဲ့ ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ ချီးမြှောက်မှုဆိုတာနဲ့ပတ်သက်လို့ ဖြေကြားရမယ် ဆိုရင် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကတော့ ချင်းပြည်နယ်ကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြတဲ့ ဆရာဝန်များကို တချို့တွေဆိုလို့ရှိရင် ဒီနေရာမှာပဲ တစ်ဆင့်မြင့်ရာထူးသို့ တိုးမြှင့်ခန့်ထား၍ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်စေခြင်းလည်း လုပ်ပေးပါတယ်။ ချင်းပြည်နယ်မှာ တခြားပြည်နယ်များလို မဟုတ်ဘဲနဲ့ တစ်နှစ်တာဝန်ထမ်းဆောင်ပြီးရင် သက်ဆိုင်ရာဆရာဝန် ပြောင်းရွှေ့လိုတဲ့ဌာနသို့ ဦးစားပေးပြောင်းရွှေ့ခြင်းကိုလည်း အထူးကိစ္စတစ်ရပ်အနေနဲ့ ပြုလုပ်ဆောင်ရွက်ပေးတယ်။ Incentive ပေးပြီးတော့လုပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလို ဝန်ကြီးဌာနအနေနဲ့ကတော့ ချင်းပြည်နယ်မှာ တာဝန်ထမ်းဆောင်တဲ့ဆရာဝန်ကို တစ်နှစ်ပြည့်တဲ့အခါမှာ သူပြောင်းလိုတဲ့နေရာကို ပြောင်းရွှေ့ပေးဖို့ဆိုတာကတော့ ဒါဆရာဝန်များအားလုံး သိထားပြီးသားဖြစ်ပါတယ်။ အသိလည်း အသိပေးထားပြီးသားဖြစ်ပါတယ်။ အဲဒီတော့ ဒီပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တင်ပြသွားတဲ့ အတိုင်း ကျွန်တော်တို့ဘက်က သူ့ကိုဂုဏ်ပြုဆောင်ရွက်ပေးသလို ဒေသခံပြည်သူများအနေနှင့်လည်း စားဝတ်နေရေး၊ နေရေးထိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့နေရာတွေလည်းဖြစ်တော့ အထူးသဖြင့် တစ်ခါတစ်လေကျတော့လည်း ဒီစကားတိုးမပေါက်တဲ့ကိစ္စတွေရှိတော့ ဒီလိုကိစ္စတွေမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ဒေသခံပြည်သူများကို ရောက်လာတဲ့ဆရာဝန်ပညာရှင်များကို အတတ်နိုင်ဆုံးစောင့်ရှောက်ဖို့ တိုက်တွန်းပေးနိုင်မယ်။ စောင့်ရှောက်ပေးနိုင်မယ်ဆိုရင်တော့ ဒီထက်ပိုပြီး

အထူးကောင်းမွန်ပြီးတော့ ဆရာဝန်များလည်း ပျော်ပျော်ရွှင်ရွှင်သွားကြလိမ့်မယ်လို့ ယူဆပါကြောင်း ပြန်ကြားလိုပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးဝင်းကြည်၊ ပင်းတယမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းကြည်(ပင်းတယမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းကြည် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြို့နယ်ကျန်းမာရေးကဏ္ဍက လိုအပ်ချက်နဲ့စပ်လျဉ်း၍ မေးခွန်းများကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံတွင် ယခင်က မြို့နယ်ဆရာဝန်ကြီး တစ်ဦးသာရှိခဲ့ပြီး ယခုအခါထပ်မံ၍ လက်ထောက်ဆရာဝန်တစ်ဦးရောက်ရှိခဲ့ပြီး ဖြစ်ပါတယ်။ သို့သော်လည်း ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ ထပ်မံ၍ လိုအပ်လျက်ရှိနေသေးကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်ပြည်သူ့ဆေးရုံတွင် လစ်လပ်နေသော လက်ထောက်ဆရာဝန်သွားတစ်ဦး၊ ဓာတ်မှန်ကျွမ်းကျင်-၃ တစ်ဦး၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဆေးမှူးတစ်ဦးစသည့် ကျန်းမာရေးဝန်ထမ်းများအား ခန့်အပ်တာဝန်ပေးနိုင်မည့် အစီအစဉ် များကို သိရှိလိုပါကြောင်း လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်များခင်ဗျား။ ရှမ်းပြည်နယ်၊ ပင်းတယမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းကြည်ရဲ့မေးခွန်းကို ပြန်လည်ဖြေကြားရမယ်ဆိုရင် ရှမ်းပြည်နယ်၊ ပင်းတယမြို့ ပြည်သူ့ဆေးရုံမှာ ယခုလက်ရှိမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတစ်ဦး တာဝန်ထမ်းဆောင်လျက်ရှိ ပြီးတော့ လက်ထောက်ဆရာဝန်တစ်ဦးကိုလည်း မကြာခင်က ပြီးခဲ့တဲ့လနောက်ဆုံးအပတ်ကပဲ ဖြည့်စွက်ခန့်ထားပြီးဖြစ်ပါတယ်။ လိုအပ်သောကျန်းမာရေးဆရာမများကိုလည်း ဖြည့်စွက်ခန့်ထားရေး အတွက်ကို ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ ဆေးရုံအဆောက်အဦများကို ၂၅ ခုတင်ဆံ့ ဆေးရုံအဆင့်နဲ့

ကိုက်ညီအောင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေလျာထားပြီးတော့ တင်ပြတောင်းခံဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးညာဏ်ဆွေဝင်း၊ ကျောက်ကြီးမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညာဏ်ဆွေဝင်း(ကျောက်ကြီးမဲဆန္ဒနယ်)**။ ။ချစ်ခင်လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်တကွ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ဟာ ကျောက်ကြီးမဲဆန္ဒနယ်က ဦးညာဏ်ဆွေဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောက်ကြီးမြို့မှာ အဓိကလိုအပ်နေတဲ့ ကျန်းမာရေးနဲ့ပတ်သက်လို့ ဆေးရုံအခြေအနေကို တင်ပြမေးမြန်းခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ကျောက်ကြီးမြို့နယ်မှာ လူဦးရေတစ်သိန်းကျော်ရှိပါတယ်။ ကရင်အမျိုးသားများ၊ ရှမ်းအမျိုးသားများနဲ့ ဗမာအမျိုးသားများ စည်းလုံးညီညွတ်စွာနဲ့ နေထိုင်တဲ့မြို့နယ်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ သက်ဆိုင်ရာတပ်ရင်း၊ တပ်ဖွဲ့လေးခုမှာလည်းပဲ မှီခိုနေတဲ့မိသားစုများဟာ တပ်ရင်းလေးရင်းမှာလည်းပဲ မြို့နယ်ဆေးရုံကိုမှီခိုနေရတာဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ တိုက်နယ်ဆေးရုံနှစ်ခုနဲ့ မြို့နယ်ဆေးရုံတစ်ခုရှိပါတယ်။ မြို့နယ်ဆေးရုံမှာဆိုလို့ရှိရင် ဆရာဝန်တစ်ဦးတည်းရှိတာဟာ တစ်နှစ်ကျော်ပါပြီ။ သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနကလည်းပဲ ၁၉-၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ကမဘ/ဃ(၉၀၁)၂၇ နဲ့ ခုတင်-၅၀ ဆေးရုံကြီးအဆင့်ကိုဖွင့်လှစ်ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဇန်နဝါရီလအတွင်းမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့မြို့နယ်ဟာ တောတောင်ထူထပ်တဲ့အတွက် ငှက်ဖျား၊ တီဘီနဲ့ မြွေကိုက်တဲ့ဝေဒနာ အများအပြားဟာအခြားမြို့နယ်များထက် ပိုပါတယ်။ အထူးသဖြင့်ကတော့ ကျွန်တော်တို့မြို့နယ်ဟာ ထိခိုက်ဒဏ်ရာရမှုနဲ့ပတ်သက်လို့ အင်မတန်များပြားတဲ့မြို့နယ်တစ်ခုဖြစ်ပါတယ်။ အထူးသဖြင့် ထိခိုက်ဒဏ်ရာရနေတဲ့ပုဂ္ဂိုလ်တွေဟာ ကျေးလက်မှာရှိတဲ့ ကျေးလက်ပြည်သူတွေအများစုဟာ ထိခိုက်ဒဏ်ရာရပါတယ်။ အဲဒီတော့ ခုတင်-၅၀ ဆေးရုံကြီးမှာ မြို့နယ်ဆရာဝန်တစ်ဦးတည်းဟာ ကျွန်တော်ကိုယ်တိုင်ဆေးရုံမှာအမြဲတစေအကူအညီပေးနေတဲ့အတွက် ခံစားနားလည်သိရှိရပါတယ်။ ဒီဆရာဝန်ကြီးဟာဆိုလို့ရှိရင်အင်မတန်ချီးကျူးစရာကောင်းတဲ့ဆရာဝန်ကြီးဖြစ်ပါတယ်။ ဒေါက်တာဦးခင်ဇော် သူဟာဆိုလို့ရှိ ရင်တစ်နှစ်ခွဲကျော်ကျော်မှာ တစ်ဦးတည်းနဲ့ တခါတရံမှာ ထိခိုက်ဒဏ်ရာရပြီးတော့မှ တစ်နေ့တည်းမှာသုံးဦးဖြတ်တောက်ရတာတွေ ရှိပါတယ်။ တခါတရံမှာ ရက်ဆက်ဖြတ်တောက်ခွဲစိတ်ရတာတွေကျွန်တော်တို့ မြို့နယ်မှာ ရှိပါတယ်။ တစ်နည်းအားဖြင့် ပဲခူးတိုင်း ၂၈ မြို့နယ်ပေါင်းရင် ခွဲစိတ်ဖြတ်တောက်ထားရတဲ့ ဒုက္ခိတတွေဟာ ကျွန်တော်တို့မြို့နယ်မှာ ပိုများမယ်လို့ ယူဆရပါတယ်။ ကျွန်တော့် မဲဆန္ဒရှင်တွေထဲမှာလည်း ဒုက္ခိတဟာတော်တော်များများရှိတယ်လို့ ကျွန်တော်ကိုယ်တိုင်

လည်းပဲ အကူအညီပေးခဲ့ရလို့ သိရှိရပါတယ်။ ဒီဆရာဝန်ကြီးဟာဆိုလို့ရှိရင် အစည်းအဝေးတက်ရတာလည်း သူပါပဲ။ နောက်ဆေးရုံရဲ့ စီမံခန့်ခွဲရေးကို ဆောင်ရွက်ရတာလည်းသူပါပဲ။ ခွဲစိတ်ဖြတ်တောက်ရတာလည်း သူပဲဖြစ်တဲ့အတွက် ကျောက်ကြီးမြို့နယ်မှာ မငြီးမငြူဘဲနဲ့ တစ်နှစ်ခွဲကျော်ကျော် ဆောင်ရွက်ခဲ့ရတာရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကျန်းမာရေးဦးစီးဌာနကနေပြီးတော့ ၁၉-၁-၂၀၁၁ နေ့ကစပြီးတော့ ကျောက်ကြီးမြို့နယ်မှာ ခုတင် ၅၀ ဆံ့ ဆေးရုံအဖြစ် ဖွင့်လှစ်ခဲ့ရပြီး တဲ့နောက်မှာ ဒီနေ့အထိဟာ တစ်ဦးတည်းသော မြို့နယ်ဆရာဝန်ကြီးရှိပြီး လက်ထောက်လည်းမရှိပါဘူး။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ မြို့နယ်ရဲ့လိုအပ်ချက်ဖြစ်တဲ့အဆောက်အဦ၊ လိုအပ်တဲ့ပစ္စည်းပစ္စယနဲ့ လိုအပ်တဲ့ဖွဲ့စည်းပုံပြည့်ဆရာဝန်၊ ဆရာမများကို ခန့်အပ်ပေးနိုင်ရေးအတွက် အစီအစဉ် ရှိ၊ မရှိ သိလိုပါတယ်။ တကယ်လို့ အစီအစဉ်ရှိရင်လည်းပဲ အမြန်ဆုံးနည်းနဲ့ ဘယ်အချိန်ကာလလောက်မှာ ဆောင်ရွက်ပေးနိုင်မလဲဆိုတာကို ဂါရတရားရှေ့ထားပြီးတော့မှ တင်ပြအစီရင်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဆွေဝင်းရဲ့မေးခွန်းကို ကျွန်တော် ပြန်လည်ဖြေကြားရမယ်ဆိုရင် ဒီ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်ဟာ စတုဂံနယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထား ဆောင်ရွက်ရန် သတ်မှတ်ထားတဲ့ နယ်မြေခြောက်ခုမှာ တစ်ခုအနေနဲ့ ပါဝင်ပါတယ်။ အထက်ပါသတ်မှတ်ချက်အရ ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံကို ၂၅ ခုတင်ဆံ့ ဆေးရုံအဆင့်က ခုတင် ၅၀ အဆင့်သို့ တိုးမြှင့်ပေးပါရန် တင်ပြချက်အပေါ် အစိုးရအဖွဲ့ရဲ့ ၂၅-၁၂-၂၀၁၀ ရက်စွဲပါစာအမှတ် ၆၀/၁၂၆/အဖရ-၄၈/၂၀၁၀-၂၀၁၁ ခွင့်ပြုကြောင်း အကြောင်းကြားလာပါသဖြင့် ကျန်းမာရေးဦးစီးဌာနအနေနဲ့ ၁၉-၁-၂၀၁၁ ရက်နေ့မှာ ဖွဲ့စည်းပုံအပြည့်ပေါ့။ ဆရာဝန်ခုနှစ်ဦး၊ သွားဆရာဝန်တစ်ဦး၊ သူနာပြုဆရာမ ၂၃ ဦးပါဝင်တဲ့ စုစုပေါင်းဝန်ထမ်းအင်အား ၈၁ ဦးနဲ့ စံကိုက်ခုတင် ၅၀ ဖွဲ့စည်းပုံကို ခွင့်ပြုထားပြီးဖြစ်ပါတယ်။ အဲဒီတော့ လက်ရှိကျောက်ကြီးမြို့နယ်မှာ ခုတင် ၅၀ ဆံ့မြို့နယ် ဆေးရုံတစ်ရုံ၊ ၁၆ ခုတင်ဆံ့မုန်းတိုက်နယ်ဆေးရုံ၊ ၁၆ ခုတင်ဆံ့နတ်သံကွင်းတိုက်နယ်ဆေးရုံ၊ စုစုပေါင်းဆေးရုံသုံးရုံ၊ ကျေးလက်ကျန်းမာရေးဌာနလေးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၇ ခုတို့နဲ့ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုကို ပေးလျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်း ကျောက်ကြီးမြို့နယ်မှာ ထိခိုက်ဒဏ်ရာကများတယ်။

ငှက်ဖျားကလည်း ဆိုးတယ်ဖြစ်တာဖြစ်တဲ့အတွက် ကျွန်တော်တို့လည်း နားလည်ပါတယ်။ ဒီအတွက် ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံမှာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတစ်ဦးအပြင် လစ်လပ်လျက်ရှိတဲ့ ဆရာဝန်တစ်ဦးကိုခန့်နိုင်ဖို့ ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ သိတဲ့အတိုင်း လက်ထောက်ဆရာဝန်သစ်လွင်များကို မကြာခင်မှာ ခန့်အပ်တော့မှာဖြစ်ပါတယ်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က အင်တာဗျူးများခေါ်နေပြီဆိုတာလည်း သတင်းစာများမှာ တွေ့ကြမှာဖြစ်ပါတယ်။ အင်တာဗျူးခေါ်ပြီး ခန့်အပ်ပြီးတဲ့အခါမှာ ဆရာဝန်သစ်လွင်များနဲ့ ဒီခန့်အပ်ပြီးတဲ့အခါကျလို့ရှိရင်တော့ ကျောက်ကြီးဆေးရုံကို ဦးစားပေးအနေနဲ့ ဖြည့်ဆည်း ခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားလိုပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးအေးဟန်၊ ပေါက်ခေါင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးဟန်(ပေါက်ခေါင်းမဲဆန္ဒနယ်)**။ ။ကျွန်တော်ကတော့ ပဲခူးတိုင်း၊ ပေါက်ခေါင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဦးအေးဟန် ဖြစ်ပါတယ်။ ယခု ကျွန်တော်တင်ပြမယ့် မေးခွန်းကတော့ ပေါက်ခေါင်းမြို့နယ်မှာ ၁၆ ခုတင်ဆံ့ကနေ ၂၅ ခုတင်တိုးချဲ့ပေးတာ အချိန်တော်တော်လေး၊ နှစ်ပေါင်း တော်တော်လေးကြာသွားပါပြီ။ အဲဒီအခါမှာ ကျွန်တော်တို့ ပေါက်ခေါင်းမြို့နယ်အနေအထား၊ အတွင်းလူနာအဖြစ် ပြည့်ကြပ်နေတဲ့အတွက် ကျွန်တော်တို့ ကိုယ်တိုင်သည်ပင်လျှင် ယာယီတိုးချဲ့ဆောင်အဖြစ် မြို့ထဲမှာအလှူခံပြီးတော့လုပ်ထားရခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီယာယီတိုးချဲ့ဆောင်သည် ထရံကာကာလေးဖြစ်တယ်။ ဒါကြောင့်မို့လို့တက်လာတဲ့လူနာတွေမှာလေ၊ မိုးဒဏ်တွေခံနေရတဲ့အတွက် ဒီမကျန်းမာလို့ တက်ရောက်လာတဲ့ လူနာတွေဟာ ဒီ လေမိုးဒဏ်တွေခံနေရတဲ့အတွက် ကျန်းမာရေးဟာပိုပြီးတော့များ ဆိုးသွားမယ်လို့ ထင်ပါတယ်။ ဒါကြောင့် ကျွန်တော် အခုတင်ပြမယ့်မေးခွန်းက ၂၅ ခုတင်ဆံ့နဲ့ လျော်ညီစွာ အဆောက်အဦကို တိုးချဲ့ပေးနိုင်ပါတယ်။ တိုးချဲ့ပေးနိုင်ပါစေလို့ ပြည်ထောင်စုဝန်ကြီးအားလည်း အထူးမေတ္တာရပ်ခံအပ်ပါတယ်။ ကျွန်တော် ပေါက်ခေါင်းမြို့ရဲ့အခြေအနေကို ဥက္ကဋ္ဌကြီးခင်ဗျား၊ အနည်းငယ်တင်ပြခွင့်ပြုပါ။ ကျွန်တော်တို့ ပေါက်ခေါင်းမြို့နယ်ဟာ ပဲခူးတိုင်းအနောက်ခြမ်းမှာဆိုလျှင် အင်မတန် ဟိုတုန်းကချောင်အကျဆုံး၊ ဖွံ့ဖြိုးမှုတိုးတက်မှု အနည်းဆုံးမြို့တော်လေး ဖြစ်ပါတယ်။ ဘာဖြစ်လို့လည်းဆိုလျှင် ကျွန်တော်တို့ ဖဆပလခေတ်ကဆိုရင်လည်း ဖဆပလခေတ်မတိုင်ခင် ဂျပန်ခေတ်ကဆိုရင်လည်း ဂျပန်တွေကြီးစိုးသွားပြီးတော့ရင် ဂျပန်တွေကအဲဒီမှာ ပေါက်ခေါင်းက မြို့နယ်လေးနဲ့အလျှောက် ဝါ၊ နှမ်း၊ ပဲ၊ ပြောင်းတွေကလည်းပေါများတော့ ဂျပန်ကဝါတွေဝယ်တယ်၊ လှောင်တယ်။ သူတို့ပြေးခါနီးမှာ အဲဒီဝါတွေကိုမီးတို့ခဲ့လို့ ပေါက်ခေါင်းမြို့ဟာ ပြာကျသွားခဲ့ရပါတယ်။ နောက်ဆုံး ဂျပန်တွေပြေးပြီးတဲ့

နောက်ပိုင်းမှာ ဖဆပလခေတ်မှာလည်း ထိုနည်းလည်းကောင်းပဲ ကျွန်တော်တို့ ပေါက်ခေါင်းသည် တိုးတက်သင့်သလောက် မတိုးတက်ခဲ့ပါဘူး။ အဲဒီနောက်ဆုံး ဗကပတွေကြီးစိုးပြီးတော့ အဲဒီမှာ ပေါက်ခေါင်းမြို့ကလေးဟာ ဘယ်အထိတောင်ခေါ်ရလဲ၊ ကွန်မြူနစ်မြို့တော်လို့ အခေါ်ခံရပြီးတော့ အင်မတန်ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးသောမြို့ကလေး ဖြစ်ပါတယ်။ ယခုအချိန် ကျွန်တော်တို့ တပ်မတော်အစိုးရရဲ့စေတနာ၊ နိုင်ငံတော်ရဲ့မေတ္တာထားမှုကြောင့် ပေါက်ခေါင်းမြို့လေးသည် ရထားလမ်းတွေ၊ တခါမှအိပ်မက်ထဲတောင် မမြင်ဖူးတဲ့ရထားလမ်းတွေ၊ ခရိုင်ချင်းဆက်လမ်းတွေ ဖြစ်ပြီးတော့ရင် အားလုံးဖွံ့ဖြိုးတိုးတက် သင့်သလောက်တော့ဖွံ့ဖြိုးလာပါပြီ။ လူဦးရေအားဖြင့်ပြောမယ်ဆိုရင်လည်း ကျွန်တော်တို့ မြို့ပေါ် မှာ ၅ ရပ်ကွက်၊ တောင်ပေါ် ၁၄ အုပ်စုအပါအဝင် ၅၂ အုပ်စု၊ ၅၂ အုပ်စုနဲ့ ၅ အုပ်စုနဲ့ ပေါင်းတော့ ၅၇ အုပ်စုရှိပါတယ်။ လူဦးရေအားဖြင့် နှစ်သိန်းနီးပါးရှိခဲ့ပါတယ်။ ဒါကြောင့် လူဦးရေကလည်း တိုးတက်များပြားလာတယ်။ ကျန်းမာရေးအနေနဲ့က လည်းအင်မတန်ကျန်းမာရေး စောင့်ရှောက်မှုလူဟာ ဟိုနေ့က ဒေါက်တာမြဦးပြောသလိုပဲ မကျန်းမာလို့ရှိရင် ဘာမှအလုပ်မလုပ်နိုင်ဘူး ဆိုတာ၊ အားလုံးအသိပါပဲ။ ဒါကြောင့် လူတိုင်းလူတိုင်းဟာ ကျန်းမာရေးဟာအရေးကြီးပါတယ်။ ကျွန်တော့်ကိုလည်း တစ်ခေါက်ပြန်သွားတိုင်း၊ ပြန်သွားတိုင်း မင်း အဲဒါတွေမတင်သွင်းဘူးလား။ မင်းတို့ ဘာမှနားမလည်သေးဘူး၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကိုဖော်ဆောင်နေတဲ့အခါမှာ စည်းကမ်းပြည့် တဲ့လွှတ်တော်ကြီးအစပျိုးနေပြီ။ ဒီလွှတ်တော်တစ်ရပ်ပေါ်ပေါက်လာလို့လည်း အခုလို ပြည်သူမင်းတို့တွေရဲ့ လိုအင်ဆန္ဒတွေ ဖော်ထုတ်နိုင်ပါလားဆိုပြီး၊ ဒီလိုလေးပြောပါတယ်။ အမှန် ပြောရမယ်ဆိုရင် ကျွန်တော် လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲမှာ နည်းနည်းတော့ရှည်သွားပါပြီ၊ ဥက္ကဋ္ဌကြီး ကျွန်တော့်ကိုခွင့်ပြုပါခင်ဗျား။ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲမှာ တို့တွေဟာ ဘီယာ ပုလင်းထဲကထည့်တဲ့ ဘီယာဖန်ခွက်ထဲမှာရောက်နေတဲ့ ဘီယာအမြှုပ်တွေ မဟုတ်ဘူး။ မင်းတို့တွေနဲ့ တောင်သူလယ်သမားတွေနဲ့ ခုမြင်ခုပျောက်မဟုတ်ပါဘူး။ အမြဲတမ်းထိတွေ့နေမယ့် အောက်ခြေ လူတန်းစားတွေနဲ့ထိတွေ့နေမယ့် ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်ပါတယ်။ ယုံပါ၊ ယုံကြပါ။ ခင်ဗျားတို့ရဲ့ ဆန္ဒတွေ၊ ခင်ဗျားတို့ရဲ့လိုအင်တွေကို အမြဲတမ်းဖြည့်ဆည်းပေးမယ့်လူတွေပါ။ ခင်ဗျားတို့ဘက်ကသာ တာဝန်ကျေအောင် အတ္တ၊ သမ္မာ၊ ပဋိနည္ဓဆိုတဲ့ မိမိကိုယ်ကိုကောင်းအောင်၊ ပြည့်စုံအောင် အဲဒီလို မင်္ဂလာတရားနဲ့ပြည့်စုံအောင်သာလုပ်ပါ။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဘက်ကလည်း လိုအင်တွေကို ခင်ဗျားတို့ကပဲ ကျွန်တော်တို့ ကိုယ်စားပြောပေးပါ၊ ပြောပေးပါဆိုပြီးတော့ရင် ဆန္ဒ အလျောက် ရွေးကောက်တင်မြှောက်လိုက်တဲ့လူတွေပါ။ ဒါတွေတာဝန်ရှိပါတယ်ဆိုပြီးတော့ ကျွန်တော် တင်ထားတာတွေလည်း အများကြီးပဲ။ လမ်းပန်းဆက်သွယ်ရေးတို့၊ ကျေးရွာမီးလင်းရေးတို့ အခုဆိုရင်

ကျွန်တော် ကျန်းမာရေးဟာအရေးကြီးတဲ့အတွက် ကျန်းမာရေးမှာတင်တယ်။ ဒါကြောင့်မို့လို့ ဒီ ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့ရင် ပေါက်ခေါင်းမြို့ဟာ လူဦးရေကလည်းများတယ်၊ ဖွံ့ဖြိုးတိုးတက်မှု ကလည်း နှေးကွေးတယ်၊ ပြီးတော့တစ်ချိန်ကလည်း ကွန်မြူနစ်မြို့တော်လေးကလည်းဖြစ်ခဲ့တယ် ဆိုတော့ ဒီမြို့လေးထဲမှာ ကျွန်တော်တို့တစ်တွေ အတင်းသူတို့ထဲကို ကျွန်တော်တို့ပါတီဝါဒတွေကို စိမ့်ဝင်ပျံ့နှံ့သွားအောင်လုပ်ပြီးတော့ ကျွန်တော်တို့ကိုယ်စားလှယ် အဖြစ်လုပ်လာတဲ့လူတွေ သူတို့ရဲ့ အကျိုးကျေးဇူးတွေကို သူတို့ရဲ့စိတ်ဓာတ်ကလေးတွေကို ပြုပြင်ပြောင်းလဲလာအောင် ကျွန်တော် ကိုယ်တိုင်သည်ပင်လျှင် တစ်ကယ်ဆောင်ရွက်ချင်တဲ့ဆန္ဒရှိတဲ့အတွက် ဒါကြောင့် ကျွန်တော် နိဂုံးချုပ် အနေနဲ့ပြောရမယ်ဆိုရင် ဟိုတုန်းက ကျွန်တော်တောင်းခဲ့တဲ့ ၁၆ ခုတင်ကနေပြီးတော့ ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံလေး၊ ဒီဆေးရုံလေးအတွက်ကို တိုးချဲ့လူနာတွေကလည်းများပြား၊ မဆံ့မပြဲတွေဖြစ်နေတဲ့ အတွက် သက်ဆိုင်ရာကျွန်တော်တို့ရဲ့ ကျန်းမာရေးဝန်ကြီးအနေနဲ့ အထူးမေတ္တာရပ်ခံပြီးတော့ရင် ဒီတိုးချဲ့ပြည်သူ့ဆေးရုံ၊ ပြည်သူ့ဆေးရုံတိုးချဲ့ဆောင်လေးအတွက်ကို ဆောင်ရွက်ပေးပါ။ တကယ်လို့ ဆောင်ရွက်ပေးမယ်ဆိုရင်လည်း မည်သည့်အချိန်၊ မည်သည့်အခါမှာ ဆောင်ရွက်ပေးမယ်ဆိုတာကို လည်း ဖြေကြားပေးပါလို့ ကျွန်တော်ဂါရဝထားပြီးတော့ မေတ္တာရပ်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဟန်ရဲ့မေးခွန်းကို ပြန်လည်ဖြေကြားရမယ်ဆိုရင် ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဆေးရုံသစ်တွေတည်ဆောက်တာ ဆောက်ပြီးတဲ့ဆေးရုံတွေ ကိုလည်း တစ်ကယ်လို့လုပ်ငန်းလိုအပ်ချက်ရှိရင် ခုတင်အဆင့်တိုးမြှင့်တာတွေလုပ်ပါတယ်။ အထူးကု ဌာနတွေ တိုးဖွင့်ပါတယ်။ ရှိပြီးသားဆေးရုံတွေမှာလည်း ဝန်ထမ်းအင်အားစံကိုက် ဖွဲ့စည်းပုံမရှိတဲ့ အခါမှာ ဝန်ထမ်းအင်အားစံကိုက်ဖွဲ့စည်းပုံရရှိရေးအတွက် ရရှိရေးအတွက် အထက်သို့တင်ပြပြီးတော့ ဆောင်ရွက်ပေးပါမယ်။ ဆေးရုံများ တိုးချဲ့ဆောက်လုပ်ရေးနဲ့ပတ်သက်လို့ ပြောရမယ်ဆိုလို့ရှိရင် လုပ်ငန်းလိုအပ်ချက်ကို သက်ဆိုင်ရာဆေးရုံအနေနဲ့ တင်ပြဖို့လိုပါတယ်။ ခုတင်ကဘယ်လောက်၊ ဘယ်နှစ်ရာခိုင်နှုန်း၊ တစ်နေ့ကိုတက်တယ်။ ဥပမာအနေနဲ့ပြောရမယ်ဆိုရင် ကျွန်တော်တို့ ခုတင် ၂၀၀ ဆေးရုံကြီးချင်းအတူတူ ဟားခါးဆေးရုံကြီးမှာ တစ်နေ့လူနာ ၅၀၊ ၆၀၊ ၇၀ ခန့် ရှိတဲ့အချိန်မှာ မုံရွာကုတင် ၂၀၀ ကျတော့လည်း ၂၅၀ လောက်လူနာရှိနေတယ်။ ကျွန်တော်တို့ခေါ်တဲ့ Bed

Occupancy ပေါ့၊ ဆေးရုံခုတင်ကို ဘယ်နှစ်ရာခိုင်နှုန်းလောက်ကနေပြီးတော့ Occupied လုပ်ထားသလဲဆိုတာကြည့်ရင် ကျွန်တော်တို့ ဆေးရုံရဲ့ Work Load ကို အကြမ်းဖျဉ်းတော့ ခန့်မှန်းလို့ရပါတယ်။ အဲဒီတော့ ခုတင် ၂၀၀ ဆေးရုံမှာ ခုတင်လူနာတစ်နေ့ ၅၀ တက်တယ်ဆိုရင် ဒီ လေးပုံတစ်ပုံပေါ့။ ၂၅ ရာခိုင်နှုန်းပေါ့ Occupancy ရှိနေမှာပေါ့။ ခုတင် ၂၀၀ ဆေးရုံမှာ အတွင်းလူနာကြည့်လိုက်တဲ့အခါကျတော့ ၂၅၀ ဖြစ်နေရင် Occupancy က ၁၀၀ ရာခိုင်နှုန်းကျော်နေတယ်။ အဲဒီတော့ ဦးစားပေးအစီအစဉ်အလိုက်ဆိုတဲ့ကိစ္စမှာ ဒါတွေပါပါတယ်ခင်ဗျ။ အဲဒီတော့ ဒီ ၂၅ ရာခိုင်နှုန်းပဲ Bed Occupaied ဖြစ်တဲ့ဆေးရုံနဲ့ more than ၁၀၀ ရာခိုင်နှုန်းသူ့ရှိတဲ့ ခုတင်ထက်ပိုပြီးတော့ ကြားခုံတွေထိုးရတဲ့ဆေးရုံတွေဆိုရင် Occupancy အရ Bed Occupancy များတဲ့ဆေးရုံကို ဦးစားပေးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပေါက်ခေါင်းမြို့နယ် ဆေးရုံအနေနဲ့လည်း လုပ်ငန်းလိုအပ်ချက်ကို အထောက်အထားနဲ့တကွ တင်ပြလာတဲ့အခါမှာဆိုလို့ရှိရင် ကျွန်တော်တို့ ဦးစားပေးအစီအစဉ်အတိုင်း နိုင်ငံတော်မှခွင့်ပြုရန်ပုံငွေနဲ့ တည်ဆောက်ပေးမှာဖြစ်တဲ့အကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသန်းမြင့် ဝမ်းတွင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဝမ်းတွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝမ်းတွင်းမြို့နယ် ပြည်သူ့ဆေးရုံကို ၂၅ ခုတင်ကနေပြီးတော့ ခုတင် ၅၀ ဆံ့ အဆင့်မြင့်တိုးမြှင့်ပေးနိုင်ဖို့ မေးခွန်းကိုမေးမြန်းသွားမှာဖြစ်ပါတယ်။ ဝမ်းတွင်းမြို့ဟာ ရန်ကုန်- မန္တလေး ကားလမ်း၊ ရထားလမ်းများ ဖြတ်သန်းသွားတဲ့ မြို့တစ်မြို့ဖြစ်ပြီးတော့ အကျယ်အဝန်းအားဖြင့် ၅၄၃.၅၈ စတုရန်းမိုင်၊ ကီလိုမီတာအားဖြင့် ၁၄၁၇.၇၆ စတုရန်းကီလိုမီတာ ကျယ်ဝန်းတဲ့ မြို့တစ်မြို့လည်းဖြစ်ပါတယ်။ ပင်လယ်ရေမျက်နှာ ပြင်အထက်ပေ ၄၆၀ အမြင့်မှာတည်ရှိတဲ့ မြို့တစ်မြို့လည်းဖြစ်ပါတယ်။ မြို့ပေါ်မှာ ရပ်ကွက်အားဖြင့် ၆ ရပ်ကွက်ရှိပြီးတော့ ကျေးရွာအုပ်စုအားဖြင့် ၆၉ အုပ်စု၊ ကျေးလက်မှာအိမ်ထောင်စု ၃၉၉၃၀ ထိရှိပြီးတော့ စုစုပေါင်းအိမ်ထောင်စု ၄၅၀၁၅ စုရှိပါတယ်။ လူဦးရေအားဖြင့် ကျားက ၁၀၄၁၇၀၊ မက ၁၁၆၅၇၄ ဦးရှိပြီးတော့ စုစုပေါင်း ၂၂၀၇၄၄ ဦးရှိပါတယ်။ ဝမ်းတွင်းမြို့ပေါ်မှာ မြို့ပေါ် ၂၅ ခုတင်ဆေးရုံတစ်ရုံ၊ ကျေးလက်မှာ ၁၆ ခုတင်ဆေးရုံ ၂ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၅ ခုနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၁ ခု၊ မိခင်နဲ့ကလေးစောင့်ရှောက်ရေးဌာန ၂ ခုရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအရ ဝမ်းတွင်းမြို့မှာမြို့နယ် ဆရာဝန်တစ်ဦး၊

လက်ထောက်ဆရာဝန် ၅ ဦး၊ မိခင်နှင့် ကလေးဆရာဝန် ၁ ဦး၊ သွားဆရာဝန် ၁ ဦး၊ တိုက်နယ်ဆရာဝန် ၂ ဦးရှိကြပါတယ်။ ဆရာဝန်နဲ့ လူဦးရေအချိုးဟာ ၁း၂၂၀၇၄ အနေအထားမှာရှိနေပါတယ်။ ဝမ်းတွင်းမြို့နယ်ရဲ့ မွေးဖွားနှုန်းဟာလည်း လူ ၁၀၀၀ မှာ ၉.၈ ရာခိုင်နှုန်း ရှိပါတယ်။ လူဦးရေအများစုဖြစ်တဲ့ ကျေးလက်ပြည်သူများမကျန်းမာ၍ ဆေးကုသရန်အတွက် မြို့ပေါ်ဆေးရုံလာရာမှာ အခက်အခဲများစွာကြုံတွေ့နေရပြီးတော့ အချိန်ကြာမြင့်မှ အချိန်နောက်ကျပြီး ဆေးရုံကိုရောက်ရှိကြပါတယ်။ ဝမ်းတွင်းဆေးရုံမှာ အဆင့်မီဆေးရုံသုံးပစ္စည်းကိရိယာများမရှိခြင်း၊ အထူးကုဆရာဝန်များမရှိခြင်းစသည်တို့ကြောင့် မသေသင့်မသေထိုက်သောပြည်သူများ သေဆုံးမှုနှင့်ရင်ဆိုင်နေရသည်မှာ အချိန်များစွာ ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ထပ်မံဖော်ပြလိုသည်မှာ ရန်ကုန်-မန္တလေးကားလမ်းပေါ်မှာ မတော်တဆကားမှောက်၊ ကားတိုက်၊ ဆိုင်ကယ်မှောက်မှုများကြောင့် ရောက်ရှိရတဲ့လူနာများဟာ အသက်ကယ်ပြုစုရာမှာ ခေတ်မီပစ္စည်းကိရိယာများမရှိခြင်း၊ အရေးပေါ်ခွဲစိတ်နိုင်တဲ့ အထူးကုခွဲစိတ်ဆရာဝန်ကြီးများမရှိခြင်းတို့ကြောင့် မသေသင့်ဘဲ အသက်နှင့်ခန္ဓာအစိတ်အပိုင်းများ မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးနေရခြင်းများ ရှိကြပါတယ်။ ဝမ်းတွင်းမြို့ဟာ မိတ္ထီလာနဲ့ ၂၀ မိုင်၊ ဝမ်းတွင်းမြို့ဟာ မန္တလေးမြို့နဲ့ ၇၅ မိုင်ဝေးတဲ့အတွက် အရေးပေါ်လူနာများ အနေဖြင့်လွှဲပြောင်းရန်၊ လွှဲပို့မိန့်ရသော်လည်း လူနာရှင်များဟာ ငွေကြေးမပြည့်စုံ၍ ငွေရှာဖွေနေရသည့်အချိန်၊ ပြုစုစောင့်ရှောက်ရမည့်သူ၊ ပြုစုရမည့်အချိန်၊ သွားလာရေးအတွက် မော်တော်ယာဉ်ငှားရတဲ့အချိန်များကြောင့် အသက်ခန္ဓာဆုံးရှုံးမှုများကြုံတွေ့နေရပါတယ်။ အကယ်၍ ဝမ်းတွင်းမြို့ကို ၂၅ ခုတင်ဆေးရုံကနေပြီးတော့ ခုတင် ၅၀ ဆေးရုံအဆင့် အဆင့်မြှင့်ရရှိမယ်ဆိုလို့ရှိရင် ၎င်းပြဿနာများဟာ လျော့နည်းပပျောက်သွားမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ဝမ်းတွင်းမြို့နယ်ပြည်သူ့ဆေးရုံကို ၂၅ ခုတင်ဆံ့မှ ခုတင် ၅၀ အဆင့်သို့တိုးမြှင့်ပေးနိုင်ရေးအစီအစဉ် ရှိ၊ မရှိ မေးမြန်းလိုပါတယ်။ အကယ်၍ ရှိပါကလည်း မည်သည့်အချိန်ကာလတွင် အဆင့်တိုးမြှင့်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးယုံဘီး၊ တနင်္သာရီမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးယုံဘီး(တနင်္သာရီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဂါရဝပြုဆုတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးယုံဘီး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် မေးမြန်းလို

တာကတော့ တနသ်ာရီမြို့နယ်၊ ပြည်သူ့ဆေးရုံ ခုတင် ၅၀ ဆံ့အဆောက်အဦးနဲ့ပတ်သက်လို့ မေးမြန်းမှာဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ တနသ်ာရီမြို့နယ် လူဦးရေ ၇၇၈၄၈ ဦးခန့်ရှိပါတယ် ခင်ဗျား။ ကျွန်တော်တို့ တနသ်ာရီမြို့နယ်အတွင်းမှာ တပ်ရင်း ၅ ရင်းရှိပါတယ်။ ကျွန်တော်တို့ တနသ်ာရီမြို့နယ်အတွင်းမှာ တိုက်နယ်ဆေးရုံတစ်ရုံ တဘူးကျေးရွာအတွင်းမှာရှိပါတယ်။ တနသ်ာရီမြို့မှာတော့ မြို့နယ်ဆေးရုံတစ်ရုံရှိပါတယ်။ အဲဒီမြို့နယ်ဆေးရုံကိုတော့ ၃-၂-၁၉၆၁ ခုနှစ်မှစတင်ဖွင့်လှစ်ခဲ့ပါတယ်။ တပ်မတော်အစိုးရလက်ထက်မှာ ၅-၆-၁၉၉၁ ခုနှစ် ၂၅ ခုတင်ကိုတိုးမြှင့်ပေးခဲ့ပါတယ် ခင်ဗျား။ ၁၈-၇-၂၀၀၁ ခုနှစ်မှာ ခုတင် ၅၀ ဆံ့ကို တိုးမြှင့်ပေးခဲ့ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့စောင့်ရှောက်မှုနဲ့ ကျွန်တော်တို့ တနသ်ာရီမြို့နယ်မှာဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ဆရာဝန်၊ ဆရာမအားလုံး ပြည့်စုံလုံလောက်စွာ တည်ရှိပါတယ်ခင်ဗျား။ သို့သော်လည်းပဲ ကျွန်တော်တို့ တနသ်ာရီမြို့နယ်ကိုဆေးရုံမှာ ပြင်ပလူနာနဲ့ အတွင်းလူနာတွေပျှမ်းမျှခြင်း အတွင်းလူနာတွေ ၇၀ မှ ၇၅ ဦးခန့် တက်ရောက်ကုသလျက်ရှိပါတယ်ခင်ဗျား။ ပြည်သူတွေကမဲဆန္ဒရှင်တွေ လိုအပ်ချက်ကတော့ ကျွန်တော်ကို ဖုန်းနဲ့လှမ်းပြီးတော့လည်း ပြောခဲ့တယ်။ ကျွန်တော်တို့ မြို့နယ်က စီးပွားရေးမတောင့်တင်းတဲ့ မြို့နယ်ဖြစ်တဲ့အတွက် နိုင်ငံတော်မှ ခုတင် ၅၀ ဆံ့တဲ့ညီမျှတဲ့ အဆောက်အဦတွေ ဆောက်ပေးဖို့ အစီအစဉ်ရှိပါသလား။ အဲဒီအကြောင်းလေး မေးပေးပါဆိုပြီးတော့ ကျွန်တော့်အနေနဲ့ ပြည်သူ့ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ လွှတ်တော်ကိုတက်ရောက်ပြီးတော့ မေးရခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ တနသ်ာရီမြို့နယ်မှာ ကျန်တဲ့ဟာတွေတော့ အကုန်လုံးနိုင်ငံတော်ရဲ့စေတနာနဲ့ စောင့်ရှောက်ထားတဲ့ အတွက် အကုန်ပြည့်စုံပါတယ်ခင်ဗျား။ သို့သော်လည်း အဆောက်အဦလေးတစ်ခုကတော့ မိုးရွာရင်လည်း မိုးရေယိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ခုတင်-၅၀ ဆံ့တဲ့၊ ညီမျှတဲ့အဆောက်အဦ ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိပါသလား။ ရှိရင်လည်း ဘယ်အချိန်လောက်မှာ ဆောက်ပေးနိုင်မလဲ ဆိုတာကို ပြန်ကြား ပေးပါခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်အနေနဲ့ မေးခွန်းနှစ်ခုကို တစ်ခုချင်းဖြေကြားပါမယ်။ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းမြင့်ရဲ့ဝမ်းတွင်းမြို့နယ် ၂၅ ခုတင်ဆေးရုံကို ခုတင် ၅၀ ဆံ့တိုးမြှင့်ရန် အစီအစဉ်ရှိ၊ မရှိနဲ့ပတ်သက်ပြီးတော့ ဝမ်းတွင်းမြို့နယ်ဆေးရုံကို ၁၆ ခုတင်ဆံ့ကနေ ၂၅ ခုတင်ဆံ့ကို ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဒီ ၂၅-၇-၂၀၀၈ ရက်စွဲပါ စာအမှတ်၊ ကမဘ/ဃ-၇၀၃/၅၂ နဲ့ အဆင့်တိုးမြှင့်ခဲ့ ပါတယ်။

ဒါကြောင့် ဝမ်းတွင်းမြို့နယ်မှာ ၂၅ ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ ၁၆ ခုတင်ဆံ့ ပင်းတလဲတိုက်နယ် ဆေးရုံတစ်ရုံ၊ နေပူကုန်းတိုက်နယ်ဆေးရုံတစ်ရုံ စုစုပေါင်း ဆေးရုံသုံးရုံဖွင့်လှစ်ထားရှိပြီးလည်း ဖြစ်ပါတယ်။ လက်ရှိဝမ်းတွင်းမြို့နယ် ၂၅ ခုတင်ဆံ့ဆေးရုံမှာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ လက်ထောက် ဆရာဝန်၊ သူနာပြု၊ သွားဘက်ဆိုင်ရာဆရာဝန်အပါအဝင် ဝန်ထမ်းအင်အားစုစုပေါင်း ၅၅ ဦးပါဝင်တဲ့ ဖွဲ့စည်းပုံနဲ့လုပ်ငန်းများကို ဆောင်ရွက်နေပါတယ်။ လက်ရှိမှာဝမ်းတွင်းမြို့နယ်ဆေးရုံကို ၂၅ ခုတင် ဆေးရုံကနေခုတင် ၅၀ ထိ တိုးမြှင့်ဖွင့်လှစ်ပေးရန် အဆိုပြုတင်ပြထားခြင်း မရှိသေးပါကြောင်းနှင့် လိုအပ်ချက်များကို အချက်အလက်များနှင့်ကိုက်ညီအောင် မြို့နယ်ဆေးရုံမှတစ်ဆင့် အဆင့်ဆင့် အဆိုပြုတင်ပြလာပါက ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့တင်ပြပြီး အဆင့်တိုးမြှင့်ရယူခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ဖြေကြားလိုပါတယ်။

ဒုတိယမေးခွန်းကတော့ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးယုံဘီးရဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမဲဆန္ဒနယ် ကိုယ်စားလှယ်က တနင်္သာရီမြို့မှာ ခုတင် ၅၀ ဆံ့တဲ့ ညီမျှတဲ့အဆောက်အဦ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းလာပါတယ်။ ဒီ တနင်္သာရီပြည်သူ့ဆေးရုံကိုလည်း ၂၅ ခုတင်ဆံ့ကနေ ခုတင် ၅၀ ဆံ့အဆင့်ကို ၂၀၀၂ ကစပြီးတော့ အဆင့်တိုးမြှင့်ခဲ့တာ မှန်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ခြောက်လ အတွင်း ကျွန်တော်တို့ နေ့စဉ်ပျှမ်းမျှ လူနာကို ကြည့်လိုက်တဲ့အခါမှာ ခုတင် ၅၀ ဆံ့ အဆင့်တိုးမြှင့်ပေး ပေမယ့်လည်း ပျမ်းမျှလူနာက ၅ ဦးမှ ၁၀ ဦးသာရှိတယ်။ တခါတလေကျတော့ရှိရင်တော့ နည်းသွားတဲ့ ဟာမျိုးရှိတဲ့အခါကျတော့ ခုနကျွန်တော် တင်ပြခဲ့တဲ့အတိုင်းပဲ ခုတင်အသုံးချမှု Bed Occupancy Rate ကို ကြည့်တဲ့အခါမှာ ၂၀ နဲ့ ၂၅ ရာခိုင်နှုန်းကြားမှာသာ ရှိပါတယ်။ အဲဒီတော့ Bed Occupancy Rate ၂၀ နဲ့ ၂၅ ရာခိုင်နှုန်းသာရှိတဲ့အတွက် လတ်တလောမှာ ဆေးရုံတက်တဲ့လူနာနဲ့ အဆောက်အဦ က လောက်နေတဲ့အတွက် အဆောက်အဦတိုးချဲ့တည်ဆောက်ပေးရန်အတွက် အပူတပြင်းမလိုအပ် သေးပါကြောင်းနဲ့ နောင်မှာဆေးရုံတက်ရောက်ကုသတဲ့ အတွင်းလူနာအခြေအနေ တိုးတက်များပြား လာပါက လိုအပ်ချက်အပေါ်မှာမူတည်ပြီးတော့ သင့်လျော်တဲ့အချိန်မှာ နိုင်ငံတော်ရဲ့ခွင့်ပြုရန်ပုံငွေ အရ ဦးစားပေးစနစ်နဲ့ လူနာအဆောက်အဦများကို တိုးချဲ့ဆောက်လုပ်ပေးသွားမည် ဖြစ်တဲ့အကြောင်း ပြောကြားလိုပါတယ်။ ကျေးဇူး အများကြီးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၇ အရ အမျိုးသားလွှတ်တော်တွင် စတင်သွင်းတင်၍ အတည်ပြုပြီးသော နိုင်ငံရေးပါတီ

များ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က ၂၀-၁၀-၂၀၁၁ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ နည်းဥပဒေ ၁၆၇၊ နည်းဥပဒေခွဲ(ခ)၊ (ဂ)တို့နှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရန် ဥပဒေကြမ်းမိတ္တူများကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို ၂၇-၁၀-၂၀၁၁ ရက်(ကြာသပတေးနေ့)မှာ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာနဲ့အတူ ဆွေးနွေးအတည်ပြုရန် လျာထားပါတယ်။ ပြင်ဆင်ချက်တင်သွင်းဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ၂၆-၁၀-၂၀၁၁ ရက် (ဗုဒ္ဓဟူးနေ့) ၁၅၀၀ နာရီ နောက်ဆုံးထားပြီး လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြဋ္ဌာန်းထားတဲ့ဥပဒေအရပြုစုပြီး သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးက ထုတ်ပြန်ပေးပို့လာတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး နည်းဥပဒေများစာအုပ်ကို ၁၅-၈-၂၀၁၁ ရက်နေ့တွင်လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များကာကွယ်ထိန်းသိမ်းရေးနည်းဥပဒေများစာအုပ်ကို ၂၈-၈-၂၀၁၁ ရက်တွင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်စပ်လျဉ်းသည့် မြေအသုံးပြုပိုင်ခွင့်အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၁) နှင့်နိုင်ငံခြားငွေဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၁) တို့ကို ၂၀-၁၀-၂၀၁၁ ရက်နေ့တွင် လည်းကောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၀ နဲ့အညီ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၁ အရဖြန့်ဝေထားတဲ့ နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်သည် သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်းတွေ့ရှိပါက ပယ်ဖျက်ရန်သို့မဟုတ် ပြင်ဆင်စေရန်အတွက် ဖြန့်ဝေသည့်ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် အဆိုတင်သွင်းနိုင်ပြီး ယင်းသို့ အဆိုတင်သွင်းခြင်းမရှိပါက အတည်ပြုသည်ဟု မှတ်ယူရမှာဖြစ်ပါတယ်။ ဒါကြောင့် သတ်မှတ်ကာလအတွင်း လွှတ်တော်မှာ တင်သွင်းရမှာဖြစ်တဲ့ အတွက် ကိုယ်စားလှယ်များအနေနဲ့ ဖြန့်ဝေထားတဲ့နည်းဥပဒေနဲ့ အမိန့်ကြော်ငြာစာများကို လေ့လာပြီး ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် အဆိုတင်သွင်းလိုပါက အပိုဒ်၊ အပိုဒ်ခွဲ အကြောင်းအရာ တိတိကျကျဖော်ပြ၍ ၂၇-၁၀-၂၀၁၁ ရက် နောက်ဆုံးထားပြီး လွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြရန်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၀ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက် (အင်္ဂါနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

[အစည်းအဝေးကို နာရီတွင်ရပ်နားပါသည်။]